WWW.DHAMMARANSI.COM

လက်ရွေးစင် ဓမ္မပဒ ဝတ္ထုတော်

# စိတ်ဝတ္ထုများ

၁။ ပိပါက်ကြမ္မာမလွတ်သာ၊
၂။ စိတ်ထားတတ်လျှင်မြတ်၏။
၃။ စိတ်တခုနိုင်တရားပိုင်။
၄။ စိတ်တခုထိန်း၊ အားလုံးငြိမ်း။
၅။ သုံးတန်ချမ်းသာ၊ ရောက်ဖို့ရာ။
၆။ ကိလေသာဘောင်ကင်းစင်ရေး။
၇။ အတွင်းစိတ်သာကြောက်စရာ။
၈။ ကိုယ့်ကိုယ်တွင်းမှာ၊ ချမ်းသာရှာ။

စတုတ္ထအကြိမ်


ဦးလှခင်(ဆေးဆရာ) စီစဉ်ရေးသားသည်

အမှတ်စဉ် ၅
သက်သာ စာစဉ်

၉၂

WWW.DHAMMARANSI.COM

# ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု



ကျောင်းသား လူငယ် များမှ စ၍

**နိုင်ငံတော်၏ အဓိက အင်အားစုများဖြစ်ကြသည့်**

အလုပ်သမား၊ တောင်သူ လယ်သမား

တိုင်းရင်းသား လုပ်သားပြည်သူတို့ ဖတ်ရှုနိုင်ရန်

**အလွယ်ဆုံး - အရှင်းဆုံး**

**ရေးသား၍**

ဈေးနှုန်း အသက်သာဆုံးဖြင့်

ကြည်ညိုသဒ္ဓါ ပွားများကြစေရန်

ရည်သန်ထုတ်ဝေပါသည်။

[illegible]အကြိမ်

WWW.DHAMMARANSI.COM

# သက်သာစာစဉ်အမှတ် {၅}

## စိတ်ဝတ္ထုများ

လက်ရွေးစင် ဓမ္မပဒ ဝတ္ထုတော်

ဟို၏ ဓမ္မဒါနအလှူတော်
နတ် လူ သာဓု ခေါ်စေသော်—

ဤကောင်းမှုကြောင့် မဂ်ဉာဏ် ဖိုလ်ဉာဏ် လျင်မြန်ထိုးဖေါက် သိမြင်ပြီး နိဗ္ဗာန်ပြည်မြတ်သို့ ကူးမြောက် နိုင်ပါစေသတည်း။

ဦးလှခင် (ဆင်းညွန့်ဦး) စီစဉ်ရေးသားသည်

သက်သာ စာစဉ်
တအုပ် ၃/-

စတုတ္ထအကြိမ်

WWW.DHAMMARANSI.COM

ဘာသာရေးခွင့်ပြုချက်အမှတ် (၇၀၂)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် (၁၆၇)

ပထမအကြိမ် ၁၉၈၁၊ မေလ။
ဒုတိယအကြိမ် ၁၉၈၁၊ နိုဝင်ဘာလ။ (၃၅၀၀)
တတိယအကြိမ် ၁၉၈၂၊ ဩဂုတ်လ။ (၃၅၀၀)
စတုတ္ထအကြိမ် ၁၉၈၃၊ ဩဂုတ်လ (၄၀၀၀)

ဈေးနှုန်း - ၃-ကျပ်

### ဝန္ဒနာနှင့် ဆုပန်လွှာ
### ပဉ္စဂုဏံ အဟံ ဝန္ဒာမိ သဗ္ဗဒါ

သုံးပါးရတနာ၊ မြတ်ဆရာနှင့်၊ နှစ်ဖြာ မိဘာ၊ များလှကျေးဇူး၊ ဂုဏ်အထူးကို၊ ကြည်နူးသဒ္ဓါ၊ ဝန္ဒနာဖြင့်၊ ဦးစွာရိုကျိုး၊ ကျွန်ုပ်ရှိခိုး၏။

ထို့ပြင်တဝ— ဖတ်ရ မှတ်ရ၊ ကြားနာရသည့်၊ သုတ ဖြာဖြာ၊ ဆည်းပူးရာသား၊ ဆရာများပါ ဝတ်တွား ဝန္ဒနာရှိခိုးကာလျှင်၊ ဤစာကျမ်းမြတ်၊ ပြုစုအပ်သည်၊ နိဗ္ဗာန်ပြည်မြတ် ရည်သတည်း။

ထုတ်ဝေသူ။ ။ဦးစံပင်း (၀၉၃၅-မြဲ) ကော်ကနူးစာပေ
အမှတ် ၁၄၂၊ တိုးရွှေ ၂ လမ်း၊ ရန်အောင်လမ်းသွယ်၊
၃ ရပ်ကွက်၊ ရန်ပြေ၊ သာကေတ မြို့နယ်။
ပုံနှိပ်သူ။ ။ဦးလှခင် (၀၁၀၂၀ မြဲ)
ဆန်းညွှန့်ဦး ပုံနှိပ်တိုက်၊
အမှတ် ၁၃၅၊ ဗိုလ်ချုပ်လမ်း၊ ရန်ကုန်မြို့။

စတုတ္ထအကြိမ်

၂၉၅၆

WWW.DHAMMARANSI.COM

ဦးလှခင် (ဆန်းညွန့်ဦး) စီစဉ်သော

လက်ရွေးစင် **ဓမ္မပဒ** ဝတ္ထုတော်

သက်သာစာစဉ် အမှတ် - ၅

# စိတ်ဝတ္ထုများ

## စကုဏ္ဍအကြွမ်

တအုပ် ၃-ကျပ်

ဆန်းညွန့်ဦး စာအုပ်တိုက်
အမှတ် ၁၃၃၊ မိုလ်ချုပ် လမ်း၊
ရန်ကုန်မြို့။ ဖုန်း- ၇၁၆၄၃။

WWW.DHAMMARANSI.COM

လက်ရွေးစင် ဓမ္မပဒ ဝတ္ထုတော်

## ဗုဒ္ဓစာပေ ဖတ်ရှုလေ့လာလိုက်တိုင်း ရမြဲမသွေ ကောင်းမှုတွေကား

## လောကုတ္တရာအကျိုး

၁။ ရတနာသုံးပါး၌ အတိုင်းမသိ ကိုင်းရှိုင်းရိုသေခြင်း၊
၂။ သဒ္ဓါတရားကြီးထွားခြင်း၊
၃။ သတိအားကောင်းခြင်း၊
၄။ ပညာဉာဏ်ပြန့်ပြောခြင်း၊
၅။ ကောင်းမှုတိုးပွားခြင်း၊
၆။ ပီတိပါမောဇ္ဇအားကြီးခြင်း၊
၇။ အကြောက်အလန့် ကင်းစင်ခြင်း၊
၈။ ဆင်းရဲကိုခံနိုင်ခြင်း၊
၉။ လူ့သဘာဝ စရိုက်ဆိုးများ ပယ်ဖျောက်၍ စရိုက်ကောင်းများ ဖော်ဆောင်နိုင်ခြင်း၊
၁၀။ ဖတ်ရှုနေစဉ်အတွင်း ရတနာသုံးပါး အာရုံဖြင့် တမုဟုတ်မျှ ကင်းကွာမှုမရှိခြင်း၊
၁၁။ ထိုထိုသော ပုဂ္ဂိုလ်ထူးတို့ ရရှိအပ်သော ဒါနအကျိုး၊ သီလအကျိုး၊ ဘာဝနာအကျိုးတို့ကို ရရှိခံစားလိုသော စိတ်ဓာတ်များဖြစ်ပေါ်လာပြီး၊ မကောင်းမှုများကိုကြဉ်ရှောင်၊ ကောင်းမှုကောင်းကျိုးကို ဆောင်လိုစိတ်များ ပေါ်ပေါက်ခြင်း၊
၁၂။ ထိုထိုပုဂ္ဂိုလ်တို့ကဲ့သို့ ကျင့်ကြံလိုစိတ် ပွားများလာပြီး သံသရာလမ်းမှ နိဗ္ဗာန်စခန်းသို့ ရည်သန်ကျင့်ကြံလိုသော သဒ္ဓါတရား ပေါ်လာနိုင်ခြင်း။

[ပီယဝဂ်ၢမဂ်အဋ္ဌကထာ ပထမတွဲ]

စာတည်းအဖွဲ့

WWW.DHAMMARANSI.COM

## ဤဓမ္မပဒလက်ရွေးစင်များကို

ဖတ်လည်း ဖတ်ကြပါ။
မှတ်လည်း မှတ်ကြပါ။
ဖတ်မှတ်ပြီးလျှင် လိုက်နာကျင့်သုံးပါ။
ယခုဘဝအတွက်လည်း ကောင်းသည်။
တမလွန်ဘဝအတွက်လည်း ကောင်းသည်။

## မိမိဖတ်ပြီးလျှင်-

မိဘဘိုးဘွား သက်ကြီးရွယ်အိုတို့ကို ဖတ်ပြပါ။
သားသမီးတို့အား ဖတ်ရန် တိုက်တွန်းပါ။
တဆင့်ပြောပြခြင်းဖြင့် ကုသိုလ်ယူကြပါ။
မိတ်ဆွေများအား ဖတ်ရန်တိုက်တွန်းခြင်းဖြင့်
ကုသိုလ်ယူကြပါ။

စတုတ္ထအကြိမ်

WWW.DHAMMARANSI.COM

# စိတ်ဝတ္ထုများနိဒါန်း

(နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ)

ဤအမှတ် ၅ ကို စိတ်ဝတ္ထုများဟု အမည်ပေး၍ စိတ်နှင့် ပတ်သက်သော စိတ်ဘာခုကိုနိုင်၍ မဂ်ဖိုလ်နိဗ္ဗာန် ရတော်မူကြကုန်သော ဝတ္ထုများကို ရွေးချယ်ဖော်ပြအပ်ပါသည်။

အမှတ်စဉ် ၁-၂-၃ တို့သည် ဒါနဝတ္ထု၊ သီလဝတ္ထုများဖြစ်ကြ၍ အမှတ်စဉ် ၄ နှင့် ၅ တို့သည် ဘာဝနာဝတ္ထုများဟု ခေါ်ဆိုလျှင် သင့်အံ့ထင်ပါသည်။

ဝတ္ထုကြောင်းများမှာ (စိတ်) ကြောင့် အကုသိုလ်လည်း ဖြစ်နိုင်သည်၊ ကုသိုလ်လည်းဖြစ်နိုင်သည်။

စိတ်ကိုနိုင်နင်းအောင် ထိန်းသိမ်းနိုင်လျှင် လောကီအတွက် ကောင်းကျိုးချမ်းသာများစွာရနိုင်သည်။ လောကုတ္တရာအတွက်ကား လူချမ်းသာ၊ နတ်ချမ်းသာ၊ နိဗ္ဗာန်ချမ်းသာအထိ ဆောင်နိုင်ကြောင်းကို တကယ်ဖြစ်ပျက်လာသောကိစ္စများတွင် မူတည်၍ လက်တွေ့ဟောကြားတော်မူသော တရားတော်များ ဖြစ်ပေသည်။

ဤစိတ်ဝတ္ထုပြီးလျှင် အမှတ်စဉ် ၆ အဖြစ် ဒေါသကြောင့် ပျက်စီးရသော၊ ဒေါသထိန်းနိုင်၍ အကျိုးထူးဟများ ခံစားရသောပုဂ္ဂိုလ်များ၊ မာနကြောင့် ဒုက္ခတွေ့ရသော ပုဂ္ဂိုလ်များကို မူတည်၍ မြတ်စွာဘုရားရှင် ဟောကြားတော်မူသည့်တရားတော်နှင့် ဝတ္ထုများကို (ဒေါသ-မာန) ဝတ္ထုများအမည်ဖြင့်ဆက်လက် ဖတ်ရှု ကုသိုလ်ယူကြပါကုန်။

စာတူထွေအကြိမ်

WWW.DHAMMARANSI.COM



WWW.DHAMMARANSI.COM

# ဝိပါက်ကြမ္မာ မလွတ်သာ

## (စက္ခုပါလ မထေရ် ဝတ္ထု)

မကောင်းသောစိတ်ဖြင့် ကြံစည် ပြောဆို ပြုလုပ်သူသည် နွား၏ခြေရာနောက်သို့ ထက်ကြပ် လိုက်သော လှည်းဘီး ကဲ့သို့၊ ထိုအကုသိုလ် ကံ သည် ဘဝထိုထို၌ အစဉ်ကပ်၍ လိုက်လေသည်။

ဤ ဒေသနာတော်ကို ဇေတဝန်ကျောင်းတော်၌ စက္ခုပါလ မထေရ်အား အကြောင်းပြု၍ ဟောကြားတော်မူ၏။

### ဝတ္ထုကြောင်းကား ဤသို့တည်း

သာဝတ္ထိပြည်၌ အလွန်ချမ်းသာကြွယ်ဝသော မဟာသုဝဏ္ဏ သူကြွယ်သည် အမွေခံ သားသမီးမရ၍ သစ်ပင်ကြီး၌ ပူဇော်ပသ၍ သားဆုတောင်း၏။

ထိုနောက် သားနှစ်ယောက်ရသဖြင့် တောဆိုး သစ်ပင်ကို ဆုတောင်း၍ ရခဲ့သည်ဟု အယူရှိသဖြင့် သားကြီးကို မဟာပါလ၊ သားငယ်ကို စူဠပါလဟု အမည်ပေး၏။

မိဘတို့ကွယ်လွန်ကြလျှင် ကျန်ရစ်သော စည်းစိမ်ချမ်းသာကို ညီနောင်နှစ်ယောက် အတူတကွ ခံစား၏။

မဟာပါလသည် ဇေတဝန်ကျောင်းတော်၌ မြတ်စွာဘုရား တရားတော်ကို နာကြားရသဖြင့် မြတ်စွာဘုရားထံ ရဟန်းပြု ပေးပါရန် လျှောက်ထား၏။

စတုတ္ထအကြိမ်

WWW.DHAMMARANSI.COM



မြတ်စွာဘုရားသခင်က ခွင့်တောင်းသင့်သူရှိလျှင် ခွင့်တောင်းလေဦးဟု မိန့်တော်မူသဖြင့် ညီစူဠပါလထံ ခွင့်တောင်း၏။

ညီဖြစ်သူက အစ်ကိုကြီးအား အဖေအရာ၌ ထားပါသည်။ ယခုလည်း အရွယ်ငယ်ပါသေးသည်။ ကြီးမှ ရဟန်း ပြုပါဟု ဘောင်းပန်၏။

"ညီမောင်....အိုမှ ရဟန်းပြုလျှင် အဘယ်မှာ တရားအား ထုတ်နိုင်တော့မည်နည်း"ဟု ဆို၍ ညီဖြစ်သူအား စည်းစိမ်ဥစ္စာများ လွှဲအပ်ပေးပြီး ရဟန်းပြုလေ၏။

## အဓိဋ္ဌာန်ပြုကြခြင်း

မဟာပါလသည် မြတ်စွာဘုရားထံ ကမ္မဋ္ဌာန်းတရားကို သင်ကြားနာယူ၏။ မြတ်စွာဘုရားသည် အရဟတ္တဖိုလ်သို့ ရောက်နိုင်သည်အထိ ကမ္မဋ္ဌာန်းတရားတော်ကို ပေး၏။

မဟာပါလသည် မိမိနှင့် သဘောတူညီရာ ရဟန်းခြောက်ကျိပ်တို့နှင့် ယူဇနာ တစ်ရာ့နှစ်ဆယ် ကွာသော ရွာကြီးတရွာကို ဆွမ်းခံရွာအဖြစ် အမှီပြု၍ တောကျောင်း၌နေကြ၏။

ဝါကပ်မည့်နေ့တွင် မဟာပါလမထေရ်သည် အဖော်ရဟန်းတို့ကိုခေါ်၍ ဝါတွင်းသုံးလပတ်လုံး မမေ့မလျော့ ကျင့်ကြံနိုင်ကြရန်အတွက် "ငါသည် ဝါတွင်း သုံးလ ပတ်လုံး လုံးဝ လဲလျောင်းခြင်းမပြုပဲ တရားအားထုတ်အံ့"ဟု မိန့်ဆို၏။

မဟာပါလသည် ထိုအတိုင်း အဓိဋ္ဌာန်ပြု၍ကျင့်ကြံ၏။ လုံးဝ မအိပ်စက်ပဲ အားထုတ်တော်မူရာ ဝါဆိုလကျော်၍ ဝါခေါင်လသို့ ရောက်လျှင် မျက်စိနာရောဂါဖြစ်လာ၏။ မျက်စိတို့မှ မျက်ရည်တို့သည် အိုးပေါက်မှကျသော ရေကဲ့သို့ ကျကုန်၏။

WWW.DHAMMARANSI.COM



ဆွမ်းခံချိန်ရောက်လျှင် ရဟန်းတို့က သပိတ်, သင်္ကန်းတို့ကို ယူ၍ မထေရ်ထံသို့လာကြ၏။ မဟာပါလ၏မျက်စိတို့မှမျက်ရည်တို့ကျသည်ကိုမြင်လျှင် ရဟန်းတို့က အရှင်ဘုရား- ရွာမှဆေးဆရာကြီးသည် ရဟန်းအားလုံးကို ဖိတ်မံထားပါသည်။ ဆေးဆရာကြီးကို အကြောင်းကြားပါမည်ဟု ပြောဆို၍ ဆွမ်းခံကြွသွား၏။

## ဆရာ၏ ဆေးစွမ်း

ရဟန်းတို့ပြောကြား၍ ဆေးဆရာသည် ဆီကိုချက်၍ပို့စေ၏။ နှာခေါင်းမှဆေးကိုသွင်းရန်မှာကြား၏။

မဟာပါလသည် ထိုင်လျက်ပင်ထိုဆေးဆီချက်ကိုနှာခေါင်းမှသွန်းလောင်း၏။

နောက်တနေ့တွင် ရောဂါမသက်သာသော်လည်း ဆွမ်းခံကြွ၏။ ဆရာကြီးက "အရှင်ဘုရား....မျက်စိနာ သက်သာပါပြီလား ဘုရား"

"နာကျင်မြဲနာကျင်လျက်ရှိပေသည်တကာ"

"တပည့်တော်ပေးပို့သောဆီချက်ကိုမထည့်ဘူးလားဘုရား"

"ထည့်ပေသည်တကာ"

"တပည့်တော် ဆေးသည် တကြိမ် သွန်းလောင်း ခြင်းဖြင့် ပျောက်မြဲဖြစ်ပါသည်။ အရှင်ဘုရားထိုင်၍ နှာခေါင်းပေါက်မှ ထည့်သလော။ အိပ်၍ထည့်သလော"

မဟာပါလသည် ဆိတ်ဆိတ်နေ၏။ အကြိမ်ကြိမ်မေးသော်လည်း ဘာမျှပြန်မဖြေပဲ ဆွမ်းခံဆက်၍ကြွသွား၏။

ဆေးဆရာသည်ကျောင်းသို့သွား၍ ကြည့်လေသော် မထေရ်၏ကျောင်းတွင် အိပ်ရာကို လုံးဝမတွေ့၍ မထေရ်အား မေးပြန်

WWW.DHAMMARANSI.COM



၏။ "အရှင်ဘုရား... တပည့်တော်၏ဆေးကို နှာခေါင်းသို့ သွင်းရာတွင် ထိုင်လျက်သွင်းသလော၊ အိပ်လျက်သွင်းသလော" ဟု မေးပြန်၏။ မထေရ်လည်း ဆိတ်ဆိတ်ပင်နေ၏။

"အရှင်ဘုရား.... ရဟန်းတရား ဆိုသည်မှာ ကိုယ်ကိုမျှတစေသဖြင့်သာ ပြုလုပ်တောင်းပါသည်၊ အိပ်၍ ဆီကိုထည့်ပါ" ဟု ထပ်ခါတလဲလဲတောင်းပန်၏။

"ဒါယကာ- သင်သွားပေတော့၊ တိုင်ပင်ဦးမည်" ဟုဆို၍ ဆေးဆရာပြန်သွား၏။

## ကိုယ့်ကိုယ်ကိုသာတိုင်ပင်ရာ

မဟာပါလမထေရ်သည် ဆေးဆရာ ပြန်သွားပြီးနောက် မိမိကိုယ်ကိုတိုင်ပင်၏။

"ငါ့ရှင်ပါလ- သင်၏မျက်စိကို စောင့်ရှောက်မည်လော....၊ မြတ်စွာဘုရား၏ သာသနာတော်ကို စောင့်ရှောက်မည်လော" ဟု မေး၏။

"မသိအပ်သောဘဝမှ လည်ခဲ့ရသော သံသရာအဆက်ဆက်တွင် သင်၏မျက်စိ ကန်းရခြင်းဘဝသည် မရေမတွက်နိုင်အောင် ရှိခဲ့ပြီ။ ယခုဝါတွင်းသုံးလပတ်လုံး လျောင်းခြင်းမပြုပဲ တရားအားထုတ်ပါမည်" ဟု အဓိဋ္ဌာန်ပြုခဲ့သည်။

သင်၏ အဓိဋ္ဌာန်ကိုပင်ဖျက်၍ မျက်စိကို စောင့်ရှောက်မည်လား။ သာသနာတော်ကို စောင့်ရှောက်မည်လားဟု ကိုယ့်ကိုယ်ကို ပြန်မေး၏။

အသက်ကိုပင် မြတ်စွာဘုရားထံအပ်နှင်း၍ တရားအားထုတ်ခဲ့သည်။

WWW.DHAMMARANSI.COM



မျက်စိနာ ပျောက်စေရန် အကြောင်း တခုတည်းကြောင့် အဓိဋ္ဌာန်ကိုဖျက်ပြီး လျောင်းအိပ်ကာ ဆေးထည့်ရမည်လား၊ မျက်စိကို အပျက်ခံမည်လားဟု ကိုယ့်ကိုယ်ကို ဆုံးမ ထိုင်နေ ယင်းပင် နှာခေါင်း၌ ဆေးထည့်၍ ရွာသို့ ဆွမ်းခံဝင်၏။

ဆေးဆရာက မထေရ်ကိုတွေ့လျှင် "အရှင်ဘုရား....ဆေးဆီ ချက်ကို အိပ်၍ထည့်ပါသလော" ဟု မေးလျှောက်၏။ မထေရ်က ပြန်မဖြေပဲ ဆိတ်ဆိတ်နေသောအခါ ဆေးဆရာက–

'အရှင်ဘုရား တပည့်တော်ဆေးနှင့် ကုသပါသည်ဟု ယနေ့မှ စ၍ ဘယ်သူ့မှ မပြောပါနှင့်၊ နောက်ထပ် အရှင် ဘုရားတို့ အတွက် တပည့်တော် ဆေးချက်၍ မပေးတော့ပါ' ဟု လျှောက် လေ၏။

## ကိုယ့်ကိုယ်ကိုသာ ဆုံးမရာ

ကျောင်းသို့ ပြန်ရောက်လျှင် မဟာပါလ မထေရ်သည် ကိုယ့် ကိုယ်ကို ပြန်၍ဆုံးမ၏။

'ငါ့ရှင်ပါလ....ဆေးဆရာက ပယ်လိုက်ပြီ၊ ဆေးဆရာက စွန့် လိုက်ပြီ၊ သေမင်းနိုင်ငံသို့ လိုက်ဖို့ရာ သေချာသည်၊ သင် အဘယ့် ကြောင့် မေ့လျော့ရမည်နည်း'

'ရဟန်းပါလ....အဓိဋ္ဌာန်ထားသော အရိယာပုထ် သုံးပါးကို မစွန့်နှင့်'

ဤသို့ ကိုယ့်ကိုယ်ကို ဆုံးမပြီး ရဟန်း တရားကို ဆက်လက် အားထုတ်၏၊ သန်းခေါင်ယံလွန်လျှင် မဟာပါလ၏ မျက်စိတို့ သည် ပျက်သေ၏။ မရှေးမနှောင်းပင် ကိလေသာတို့သည်လည်း ကင်းစင်သေ၏။ မဟာပါလသည် မျက်စိပျက်သည်နှင့် မရှေး

WWW.DHAMMARANSI.COM



မန္ဒောင်းပင်သုက္ခဝိပဿကရဟန္တာဖြစ်၍ ကျောင်းတွင်းသို့ဝင်၍ နေ၏။

## အလုပ်အကျွေးပြုကြခြင်း

ဆွမ်းခံချိန်ရောက်လျှင် ရဟန်းတို့သည် မဟာပါလမထေရ်အားဆွမ်းခံကြွရန် အကြောင်းကြားရ၏။

မဟာပါလက "ငါ့မျက်စိတို့သည် ပေါက်ကွဲ ပျက်စီး၍ ဆွမ်းခံမလိုက်နိုင်တော့" ဟုပြော၏။

ရဟန်းတို့မြင်လျှင် စိတ်မကောင်းကြီးစွာဖြင့် "အရှင်ဘုရားတပည့်တော်တို့ ဆွမ်းခံကျွေးပါမည်။ ဝတ်ကြီးဝတ်ငယ်ပြုပါမည်" ဟု လျှောက်ထား၍ ဆွမ်းခံကြ၏။ ထိုသတင်းကိုကြား၍ ဒါယကာ, ဒါယိကာမတို့ကလည်း ဆွမ်းလာပို့ကြ၏။

## ရဟန်းခြောက်ကျိပ် ရဟန္တာဖြစ်ကြခြင်း

ထိုအခါမှစ၍မဟာပါလအား စက္ခုပါလအမည်တွင်လေ၏။

စက္ခုပါလမထေရ်သည် အဖော်ရဟန်း ခြောက်ကျိပ်တို့ကို ဟောပြောဆုံးမ တရားကိုအားထုတ်စေခဲ့ရာ သီတင်းကျွတ်လပြည့် ပဝါရဏာနေ့အနီး၌ အာသဝေါကုန်ခန်း ရဟန္တာများဖြစ်ကြလေ၏။

## ပါလိတဿာမဏော

ဝါကျွတ်လျှင် ရဟန်းခြောက်ကျိပ်တို့သည် မြတ်စွာဘုရားထံ ဖူးမြော်ရန်သွားကြမည်ဖြစ်၍ စက္ခုပါလမထေရ်အား ခေါ်ငင်ကြ၏။ မိမိကြောင့် ခရီးနှောင့်နှေးကြမည်စိုးသဖြင့် အတန်တန်ပင်ခေါ်သော်သည်း မလိုက်နိုင်ပဲ "ငါ့ညီ စူဠပါလ ကိုသာ အကြောင်းကြားပါ။ တယောက်ယောက် အခေါ်လွှတ်မှလာခဲ့တော့မည်" ဟုမှာကြားလိုက်၏။

WWW.DHAMMARANSI.COM



သာဝတ္ထိပြည်သို့ ရောက်လျှင် စူဠပါလ သူကြွယ်အား အကြောင်းစုံပြောကြား၏။ စူဠပါလသည် စိုးရိမ်ပူပန်စွာဖြင့် တူဖြစ်သူ ပါလိတအား သာမဏေအဖြစ်ပြုစေ၍ စက္ခုပါလ မထေရ်ကို ပင့်ဆောင်ခဲ့ရန်စေလွှတ်လေသည်။

ပါလိတသာမဏေသည် မထေရ်ထံရောက်၍ လျှောက်ထားသဖြင့် ပါလိတသာမဏေ၏ တောင်ဝှေးစွန်းကိုကိုင်ကာသာဝတ္ထိပြည်သို့လိုက်ပါလာခဲ့လေသတည်း။

## ထင်းခွေမိန်းမ၏ သီချင်းသံ

ဤသို့လာခဲ့ကြရာ တောအုပ်တခုအတွင်းမှ ထင်းခွေမိန်းမတယောက်၏ သီချင်းသံကိုကြားရ၏။ ထိုအခါ ပါလိတက-

"အရှင်ဘုရား သစ်ပင်ရင်းမှာ ခဏနားပါဦး။ တပည့်တော် ကိုယ်လက်သုတ်သင်ရန် သွားပါဦးမည်" ဟု ပြော၍ စက္ခုပါလ မထေရ်ကိုထားခဲ့ပြီး သီချင်းသံကြားရာသို့ လိုက်သွားတာ ထင်းခွေမိန်းမနှင့် ပေါင်းဖော်ခြင်းအမှုကိုပြုတော့၏။

စက္ခုပါလမထေရ်သည် စဉ်းစားသည်။ ပါလိတသာမဏေ သွားသည်မှာ ကြာမြင့်လှ၏။ ထင်းခွေမိန်းမ၏ သီချင်းသံသည်လည်း ပျောက်၍သွား၏။ ပါလိတသာမဏေသီလပျက်လေပြီ ဟု စဉ်းစားမိ၏။

ပါလိတ သာမဏေ ပြန်လာပြီး "သွားကြပါမည်" ဟု တောင်ဝှေးကိုကိုင်စေ၏။ စက္ခုပါလမထေရ်က-

"သင်သည် ယုတ်မာသောအမှုကိုပြုခဲ့ပြီ။ ငါ့တောင်ဝှေးစွန်းကို မကိုင်ကောင်းတော့ပြီ" ဟု ဆိုတော့သည်။ ပါလိတသည် အလွန်ထိတ်လန့်၍ လူဝတ်လဲပြီးသော်-

WWW.DHAMMARANSI.COM



"အရှင်ဘုရား တပည့်တော် လူဖြစ်ပါပြီ၊ သာမဏေအဝတ်ကို ဝတ်လာခဲ့သည်မှာ သဒ္ဓါ၍မဟုတ်။ တောခရီး၌ ဘေးရန်ကြောက်၍သာ ဝတ်ရခြင်းဖြစ်ပါသည်။ ရေးဆက်ကြပါအံ့"ဟု ဆိုသော်....

"ငါ သင်နှင့် မလိုက်တော့ပြီ"ဟု မိန့်တော်မူ၏။

' အရှင်ဘုရား၊ဤတော၌ ဘေးရန်များစွာ ရှိပါသည်"

''တော၌ ဘေးဖြစ်၍သေသော်လည်း သေပါစေ၊လူမိုက်နှင့် အတူမသွားလို''ဟု ဆိုလေသော် ပါလိတသည် ထိတ်လန့်ငိုကြွေးလျက် စက္ခုပါလ၏ သေရ်ကို ထားခဲ့ပြီး ပြေးလေတော့သည်။

## သီလတန်ခိုးက သိကြားကို နှိုးဆော်

လူသူမနီး တောကြီးအလယ်တွင် သစ်ပင်ရင်း၌ မျက်စိမမြင်သော စက္ခုပါလမထေရ်တပါးတည်း ကျန်ခဲ့သည်မှာ အစာရေစာပြတ်၍ သေဆုံးရန်မှတပါး အခြားအကြောင်းမရှိတော့ပါ။

ဤသို့သော ဘေးအန္တရာယ်ကြောင့် သီလနှင့် ပြည့်စုံသည့် ပုဂ္ဂိုလ်တဦး၏ အန္တရာယ်အတွက် သီလတော်၏ တန်ခိုးကြောင့် သိကြားမင်း၏ရာ တာဝတိံသာ၌ ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာ တင်း၍ သိကြားမင်း လူ့ပြည်သို့ ဆင်းလာပြီး သာဝတ္ထိပြည်သို့ သွားမည့် ခရီးသည်ဟန်ဆောင်လျက် စက္ခုပါလ မထေရ်၏အနီးသို့ အသံပြုရောက်လာပြီး စက္ခုပါလ မထေရ်ကို ပင့်ခေါ်၏။ မထေရ်က မိမိအတွက် ခရီးနှောင့်နှေးမည်စိုး၍ မလိုက်ဟု ငြင်းဆို၏။ ခရီးသွားယောကျ်ားကလည်း တပည့်တော်တွင် အကြောင်းထူးမရှိပါ၊ အေးအေးဆေးဆေး သွားမည့်သူဖြစ်ပါ၍ လိုက်ပါရန် လျှောက်ထားလေတော့မှ လိုက်ပါတော်မူ၏။

မကြာမြင့်မီပင် ဇေတဝန်ကျောင်းတော်မှ ကြေးစည်ခေါင်း

WWW.DHAMMARANSI.COM



လောင်းသံကြားရသဖြင့် သာဝတ္ထိပြည်သို့ရောက်လာပြီဟု သိရ၏။ ထိုယောကျ်ားသည် လူမဟုတ်တန်ရာ။ နတ်သိကြားသာဖြစ်လိမ့်မည်ဟုစဉ်းစားမိ၏။ ထိုသိကြားမင်းသည် စက္ခုပါလမထေရ်ယခင်နေခဲ့သောကျောင်းသို့ ပို့ဆောင်ခဲ့ပြီး စူဠပါလသူကြွယ်အိမ်သို့သွားဆောစက္ခုပါလမထေရ်ရောက်လာသည်ကိုအကြောင်းကြားလေ၏။

စူဠပါလသည် နောင်တော်၏ခြေကိုဖက်၍ ငိုပြီးသော် မိမိ၏တပည့်နှစ်ယောက်အား ရှင်သာမဏေပြုစေ၍စက္ခုပါလမထေရ်အား လုပ်ကျွေးကြစေ၏။

## စိတ်သာရှင်စော ဘုရားဟော

တနေ့တွင် ဇနပုဒ်တောရွာမှ ရဟန်းတို့သည် မြတ်စွာဘုရားအားဖူးမြင်ရန်လာကြ၏၊ ကျောင်းအစဉ်အတိုင်းလာကြ၍ စက္ခုပါလမထေရ်အား ဖူးမြင်ရန် သွားစဉ် မိုးသည်းထန်စွာရွာ၍ ယနေ့မိုးချုပ်ပြီ၊ နက်ဖြန်စောစောမှ သွား၍ဖူးမြင်ကြမည်ဟု ကြံစည်ထား၏။

မိုးသည် သန်းခေါင်ယံတွင်စဲ၏။ စက္ခုပါလ မထေရ်သည် တမ္မဋ္ဌာန်းကို အားထုတ်၍ မိုးသောက်တွင် စင်္ကြံလျှောက်၏။ စင်္ကြံဦး မိုးစိုသောမြေတို့တွင် မိုးရေဖြင့်အတောင်စို၍မြေတွင်ကျနေသော ပိုးဖလံတို့ကိုနင်းမိသဖြင့် ပိုးဖလံတို့သေကြေကြကုန်၏။

နံနက်မိုးသောက်၍ စက္ခုပါလမထေရ်ကို ဖူးမြင်ရန်လာကြသော ဇနပုဒ်မှရဟန်းတို့သည် စင်္ကြံပိုးဖလံတို့ သေကြေကြသည်ကိုမြင်သောအခါ စက္ခုပါလမထေရ်အား အပြစ်တင်ကြ၏။ ကဲ့ရဲ့ကြ၏၊ ထိုမျှအားမရ၍ မြတ်စွာဘုရားထံ လျှောက်ထားကြ၏။

ထိုအခါ မြတ်စွာဘုရားက—

WWW.DHAMMARANSI.COM



"စက္ခုပါလမထေရ် သတ်သည်ကို သင်တို့တွေ့မြင်ကြကုန်သလော"ဟု မေးတော်မူ၏။

"မမြင်ပါဘုရား"ဟုလျှောက်ကြ၏။

"သင်တို့သည် ထိုစက္ခုပါလသတ်သည်ကို မမြင်ကြသကဲ့သို့ ထိုစက္ခုပါလသည် ပိုးတို့ကိုမမြင်"

"ရဟန်းတို့.... ရဟန္တာတို့တွင် သေစေလိုသော စေတနာမျိုးသည် မရှိပေ"ဟု မိန့်တော်မူ၏။

## ရှေးဘဝကံအကြောင်း ဟောကြားတော်မူခြင်း

ထိုအခါ ရဟန်းတို့က အရှင်ဘုရား အရဟတ္တဖိုလ်အကြောင်းသည်ရှိပါလျက် အဘယ်ကြောင့် မျက်စိကန်းရပါသနည်းဟု လျှောက်ကြ၏။

"ရဟန်းတို့ မိမိပြုခဲ့သော ရှေးက မကောင်းမှုကံ၏ အစွမ်းကြောင့် ကန်းရခြင်းဖြစ်၏"ဟု မိန့်တော်မူ၏။

ရဟန်းတို့ လျှောက်ထားမေးမြန်းသဖြင့် မြတ်စွာဘုရားသည် စက္ခုပါလမထေရ်၏ အတိတ်ဇာတ်ကို ဟောတော်မူ၏။

## အတိတ်ဇာတ်

လွန်လေပြီးသောအခါ ဗာရာဏသီ ပြည်မှ ဆေးဆရာတယောက်သည် ရွာကြီးရွာငယ်တို့ကို လှည့်လည်၍ ဆေးကု၏။

ရွာတရွာတွင် မျက်စိအားနည်းသော မိန်းမတယောက်ကို မြင်၍မေးလျှင် မျက်စိတို့သည်မမြင်ပါဟု ထိုမိန်းမကပြော၏။

ဆေးဆရာက ငါဆေးကုပေးမည် ဆေးဖိုးဝါးခ ဘယ်လောက်ပေးမည်နည်းဟု မေး၏။

WWW.DHAMMARANSI.COM



ထိုမိန်းမက မျက်စိမြင်အောင် ကုပေးလျှင် ငါနှင့်တကွ သားသမီးတို့ဆရာ့ထံ ကျွန်ခံပါမည်ဟုပြော၍ ဆရာသည်မျက်စိကို ကုပေး၏။

တကြိမ်ဆေးထည့်ရုံနှင့် မျက်စိပြန်ကောင်းလာ၏၊ ထိုမိန်းမက စဉ်းစား၏၊ မျက်စိမြင်လျှင်သားသမီးနှင့်တကွ ကျွန်ခံရတော့မည်စိုးသဖြင့် ဆရာကမေးလျှင်မျက်စိမမြင်သေးပါ၊ ရှေးကထက်ပို၍ ကိုက်ခဲပါသည်ဟု ပြော၏။

ဆေးဆရာသည် ထိုမိန်းမလိမ်၍ပြောသည်ကို သိ၏။

သူ့ဆေးသည် တကြိမ်ထည့်ရုံနှင့် ပျောက်နိုင်သည်ကို သိ၏။ ထိုမိန်းမ ဆေးဖိုးဝါးခမပေးလို၍ လိမ်သည့်မိန်းမယုတ်ကို ကန်းအောင်ပြန်၍ ဆေးထည့်ပေး၏။ မျက်စိနှစ်ဘက်တို့ ပြန်ကွယ်သွားရရှာ၏။

မြတ်စွာဘုရားသခင်သည် ဆက်လက်၍ ဟောကြားတော်မူ၏။

ရဟန်းတို့....ထိုစဉ်က ဆေးသမားသည် စက္ခုပါလမထေရ်ဖြစ်ခဲ့၏။ သူတပါးကိုမျက်စိကန်းအောင် ပြုလုပ်ခဲ့ဖူးသော ရှေးမကောင်းမှုကံကြောင့် ဤသို့ ယခုဘဝတွင် မျက်စိကွယ်ရ၏။

ရဟန်းတို့....စက္ခုပါလမထေရ် ပြုလုပ်ခဲ့သော မကောင်းမှုကံသည် နောက်မှနောက်မှ အစဉ်လိုက်၏၊ ဤမကောင်းမှု ကံသည် လှည်းဆွဲသောနွား၏ ခြေရာသို့လှည်းဘီးသည် အမြဲမပြတ်လိုက်နေသကဲ့သို့ မကောင်းမှုကံသည် အမြဲမပြတ် တထပ်တည်းလိုက်၏။

ဟု ဟောတော်မူပြီးနောက် ဆက်လက်၍ ဤဓမ္မပဒဂါထာတော်ကို ဟောတော်မူ၏။

စတုတ္ထအကြိမ်

WWW.DHAMMARANSI.COM



၁။ မနော ပုဗ္ဗင်္ဂမာ ဓမ္မာ၊
မနော သေဋ္ဌာ မနောမယာ။
မနသာ စေ ပဒုဋ္ဌေန၊
ဘာသတိ ဝါ ကရောတိ ဝါ။
တတော နံ ဒုက္ခမန္ဝေတိ၊
စက္ကံ ဝ ဝဟတော ပဒံ။

၁။ ရဟန်းတို့....နာမ်ခန္ဓာ တရားလေးပါးတို့သည် စိတ်သာလျှင်ရှေ့သွားရှိကုန်၏။ စိတ်သာလျှင် အကြီးအမှူးရှိကုန်၏။ စိတ်ဖြင့်ပြီးကုန်၏။ အကယ်၍၊ ပြစ်မှားလိုသော စိတ်ဖြင့် ပြောဆိုသည်လည်းကောင်း၊ ပြုလုပ်သည် လည်းကောင်း၊ ကြံစည်သော်လည်းကောင်း၊ ဤသို့မကောင်းသော စိတ်ဖြင့် ပြောမိ ပြုမိ ကြံစည်မိသည်ရှိသော် ထိုမကောင်းမှုကံကြောင့် လှည်းဘီးသည် လှည်းကိုရုန်းရသောနွား၏ခြေရာသို့ အစဉ်လိုက်သကဲ့သို့၊ ဆင်းရဲအပေါင်းသည်ယိုသူ့သို့ နောက်မှ အစဉ်လိုက်လေ၏။

(စက္ခုပါလ မထေရ် ဝတ္ထုပြီး၏။)



WWW.DHAMMARANSI.COM

# ၁။ စိတ်ထားတတ်လျှင်မြတ်၏

## (မဋ္ဌကုဏ္ဍလီ ဝတ္ထု)

နာမ်ဓမ္မတရားလေးပါးတို့သည်
စိတ်သာလျှင်ရှေ့သွား၏။
စိတ်သာလျှင် အကြီးအမှူးဖြစ်၏။
စိတ်ဖြင့်ပြီးကုန်၏။
ကြည်လင်သော စိတ်ဖြင့်
ပြောဆိုပြုမူ ကြံစည်သူအား
မိမိအရိပ်သည် မိမိသွားလေရာရာ
ထက်ကြပ်မကွာ လိုက်သကဲ့သို့
ကောင်းကျိုး ချမ်းသာသည်
ထိုပုဂ္ဂိုလ်နှင့် အစဉ်လိုက်၏။

ဤဒေသနာတော်ကို ဇေတဝန်ကျောင်းတော်၌စံမြန်းတော်မူစဉ် မဋ္ဌကုဏ္ဍလီသတို့သားကိုအကြောင်းပြု၍ ဟောကြားတော်မူ၏။

ဝတ္ထုကြောင်းကား ဤသို့တည်း

သာဝတ္ထိပြည်၌ အလွန်စေးနှဲသော အဒိန္နပုဗ္ဗက အမည်ရသော သူကြွယ်ဘဦးရှိလေသည်။ သားတယောက်ရှိ၏။ ချစ်ရှာလွန်း၍ နားတောင်းနှင့်ဆင်ပေးချင်သော်လည်း ပန်းထိမ်လက်ခကို နှမြောသဖြင့် ကိုယ်တိုင် နားတောင်းလုပ်၍ ဆင်ပေး၏။ ထိုနားတောင်းကြောင့် 'မဋ္ဌကုဏ္ဍလီ'ဟု အမည်တွင်၏။

စတုတ္ထအကြိမ်

WWW.DHAMMARANSI.COM




တွေ့ဂွအကြိမ်

WWW.DHAMMARANSI.COM



မဋ္ဌကုဏ္ဍလီ တဆယ့်ခြောက်နှစ် အရွယ်သို့ ရောက်လျှင် သွေးအားနည်းသော ရောဂါ ဖြစ်လာ၏။ အမေက သားကိုကြည့်ပြီး ဆေးကုပေးပါဟု ပုဏ္ဏားကြီးကိုပြော၏။ ဆေးဖိုးဝါးခ ပေးရမည်စိုးသဖြင့် ဆေးဆရာတို့ထံ သွားပြီး ဤရောဂါမျိုးကို မည်သည့်ဆေးနှင့် ကုရမည်နည်းဟု မေး၏။ ဆေးဆရာတို့ကလည်း ခပ်ပေါ့ပေါ့ပင် ဤအရွက်, ဤအခေါက်ကိုခွါ၍ ညှစ်၍တိုက်ဟု ပြောလိုက်၏။ ပုဏ္ဏားကြီးသည် အရွက် အခေါက် တို့ကို ရှာ၍ တိုက်၏။

တနေ့တခြား ရောဂါကြီးလာ၏။ မချိမဆံ့ဖြစ်မှ ဆေးဆရာကို ခေါ်ပြ၏။ ဆေးဆရာသည် ထိုသတို့သားကို ကြည့်၍ ကု၍မရတော့သည်ကို သိသဖြင့် ငါ့မှာ ခရီးသွားစရာ ရှိသေးသည်၊ တခြားဆရာနှင့် ခေါ်ကုပါဟုပြော၍ မလာတော့။

ပုဏ္ဏားကြီးသည် ဆေးကု၍ မရတော့သည်ကိုသိ၍ အိမ်တွင်း၌ သေခဲ့သော် အိမ်တွင်းရှိ ပစ္စည်းများ လူသိကုန်တော့မည်ကို စိုးရိမ်ကာ မဋ္ဌကုဏ္ဍလီကို မသေမီကပင် အိမ်ကပြင်သို့ ထုတ်ထား၏။

## မဟာကရုဏာတော်

ထိုနေ့၌ မြတ်စွာဘုရားသည် မိုးသောက်ထသော အခါ၌ မဟာကရုဏာ သမာပတ်မှ ထတော်မူ၍ ကျွတ်ထိုက်သူတို့အား သဗ္ဗညုတ ဉာဏ်တော်ဖြင့် တသောင်းသော စကြဝဠာ၌ ဉာဏ်ကွန်ရက်ကို ဖြန့်တော်မူလျှင် အိမ်ကာပြင်၌ အိပ်နေသော မဋ္ဌကုဏ္ဍလီ သတို့သားကို ဉာဏ်တော်တွင်း၌ ထင်လေ၏။

မြတ်စွာဘုရားသည် မဋ္ဌကုဏ္ဍလီရှိရာ အရပ်သို့ ကြွသွားရန် ဆင်ခြင်တော်မူသော် ဤ လုလင်နှင့်တကွ များစွာသော သူ

WWW.DHAMMARANSI.COM



အပေါင်းသည် အကျိုးရှိမည်ကို မြင်တော်မူ၍ များစွာသော ရဟန်းတို့ခြံရံလျက် ဆွမ်းခံကြွဝင်တော်မူ၏။

ပုဏ္ဏားဏ် အိမ်ရှေ့သို့ ရောက်တော်မူလျှင် မဋ္ဌကုဏ္ဍလီသည် အိမ်အတွင်းဘက်သို့ စောင်း၍အိပ်နေ၏။

မြတ်စွာဘုရားသည် မိမိအားမမြင်သည်ကိုသိ၍ တခုတည်းသောရောင်ခြည်တော်ကို လွှတ်တော်မူ၏။

## စိတ်ဖြင့်ကြည်ညိုရသောကုသိုလ်

လုလင်သည် ဘယ်လိုအရောင်မျိုးဖြစ်သနည်းဟု အရှေ့ဘက်သို့ ပြန်၍စောင်းအိပ်လျှင် မြတ်စွာဘုရားကို မြင်သောအခါ.... မြတ်စွာဘုရားရှင်၌ပါလျက် ကိုယ်ဖြင့်ပြုအပ်သော အမှုကိုလည်း ကောင်း၊ အလှူပေးခြင်းကိုလည်းကောင်း၊ တရားတော်ကို နာကြားခွင့်ကိုလည်းကောင်း မရခဲ့။ ယခုအချိန်မှာ ငါ၏လက်တို့သည်လှုပ်ရှား၍မရတော့၊ လက်အုပ်ချီခြင်းကိုပင် မပြုနိုင်တော့ပါတကားဟု စိတ်ဖြင့်သာလျှင် ကြည်ညိုခြင်းကိုဖြစ်စေ၏။

မြတ်စွာဘုရားသခင်သည် ဤမျှလောက်သော စိတ်၏ကြည်ညိုခြင်းကို ဖြစ်စေကာမျှဖြင့် ဤမဋ္ဌကုဏ္ဍလီ သတို့သားအား ပြည့်စုံလောက်ပေပြီဟု ဆက်လက်၍ ကြွတော်မူ၏။

မဋ္ဌကုဏ္ဍလီသည် မြတ်စွာဘုရားကြွသွားသည်ကို မျက်စိဖြင့် မြင်လောက်သည့်ခရီးအထိ ဖူးမြော်၍ ကြည်ညိုသော စိတ်ဖြင့် အသက်ဝိညာဉ် ချုပ်ငြိမ်းခြင်းဖြစ်လေ၏။

### အိပ်သောယောကျ်ား နိုးသောလားသို့

ဤသို့ မြတ်စွာဘုရား သခင်အား ကြည်ညိုသော စိတ်ဖြင့် သေလွန်ခဲ့ရာ အိပ်ပျော်၍ နိုးလာသော ယောကျ်ားကဲ့သို့ တာဝတိံသာနတ်ပြည်၌ ယူဇနာ သုံးဆယ်ရှိသော ရွှေဗိမာန်၌ဖြစ်

WWW.DHAMMARANSI.COM



လာ၏။ နတ်သမီးကထောင်ခြံရံ၍ သုံးဂါဝုတ် ပမာဏရှိသော ခန္ဓာကိုယ်ဖြင့် လှည်းခြောက်ဆယ်တိုက် ရှိသော တန်းဆာတို့ ဆင်ယင်လျက် ဖြစ်လာ၏။

ပုဏ္ဏားသည်သား၏အသေလောင်းကိုဖုတ်သင်္ဂြိုဟ်၍သင်္ချိုင်း၌ နေ့စဉ်သွား၍ ငိုကြွေး၏။

## မဋ္ဌကုဏ္ဍလီက တရားပြပုံ

မဋ္ဌကုဏ္ဍလီနတ်သားသည် မိမိ၏ စည်းစိမ်ချမ်းသာကိုကြည့်၍ စူးစမ်းဆင်ခြင်သည်ရှိသော် (မြတ်စွာဘုရား၌ မနောပသာဒ စိတ်ဖြင့် ကြည်ညိုခြင်းကြောင့်) ရပေ၏ဟု သိရ၏။

ငါ၏အဖေ ပုဏ္ဏားသည် ငါမကျန်းမာသောအခါန်၌ ဆေး မကုပဲ ယခုမှ သင်္ချိုင်းသို့သွား၍ ငိုနေ၏။ ငါသွား၍သတိပေးရ ပေတော့မည်ဟု ပုဏ္ဏား၏ မနီးမဝေး၌ မဋ္ဌကုဏ္ဍလီ အသွင်နှင့် လက်မောင်းတို့ကို မြှောက်ချီပြီး ငိုနေ၏။

ပုဏ္ဏားကြီးက လှမ်း၍မြင်လျှင် ငါ၏သားနှင့် အရွယ်ရော ရုပ်ပါတူလှသည်။ ဘာကြောင့်များငိုနေပါသနည်းဟု နတ်သား ကို မေး၏။

ထိုလုလင်က "ငါ့မှာ ရွှေနှင့်လုပ်ထားသောရထားလှည်းအိမ် ရှိပါသည်။ လှည်းဘီးအစုံကိုမရ၍ ငိုပါသည်။ ငါလိုသောလှည်း ဘီးကိုမရလျှင် အသက်ကိုစွန့်ပါတော့မည်" ဟု ပြော၏။

ထိုအခါ ပုဏ္ဏားက မိမိ၏သားကဲ့သို့ ချစ်လှသဖြင့်....

"သင်လိုသော လှည်းဘီးကို ငါပေးမည်။ ရွှေဖြင့်လုပ်သော လှည်းဘီးကို လိုချင်သလား၊ ငွေလှည်းဘီးကို လိုချင်သလား၊ ပတ္တမြားလှည်းဘီးကို လိုချင်သလား" ဟု မေး၏။

WWW.DHAMMARANSI.COM



သားကို ဆေးဖိုးကုန်မှာစိုး၍ ဆေးမကုပဲနေခဲ့သော ပုဏ္ဏား သည် ယခုမှ ငါ့ကို သားနှင့်တူသည်ဆို၍ ငိုပြီး လိုချင်သော ရွှေလည်းဘီး၊ ငွေလည်းဘီး၊ ပတ္တမြားလည်းဘီးကို လုပ်ပေးမည်ဟု ပြော၏။ ထိုပုဏ္ဏားကို သတိရစေရန် လုပ်ဦးမည်ဟု ကြံ၍....

"ရွှေလည်းဘီး၊ ငွေလည်းဘီး၊ ပတ္တမြားလည်းဘီးကို မလိုပါ၊ နေမင်းနဲ့ လမင်းကို ရထားဘီးတပ်ပြီး စီးချင်တယ်၊ ယူပေးပါ"ဟု ပြော၏။

ထိုအခါ ပုဏ္ဏားသည် တအံ့တသြဖြင့်....

"တယ်မိုက်ပါလား၊ မရနိုင်တာကိုမှ လိုချင်ရသလား၊ ဒါကို မရလို့ သင် သေယင်သာ သေရမယ်၊ နေနဲ့လကိုတော့ ရမှာ မဟုတ်" ဟုပြော၏။

ထိုအခါ မဋ္ဌကုဏ္ဍလီနတ်သားသည် မိမိ၏နတ်သားအသွင်ကို ထင်ရှားပြ၏။ ထိုနောက် နတ်သားလုလင်က ...

"ပုဏ္ဏားကြီး....အမြဲမပြတ် မြင်နေရတဲ့ အရာဝတ္ထုကို လိုချင်လို့ ငိုနေတဲ့သူဟာလူမိုက်သား၊ ဘာမှမမြင်ရတဲ့ဝတ္ထုကို လိုချင်လို့ ငိုနေတဲ့လူက လူမိုက်လား"ဟု မေး၏။

ထိုစကားကိုကြား၍ ပုဏ္ဏားက....

"လုလင်.... သင်ပြောတာ မှန်လိုက်လေ၊ လိုချင်လို့ငိုကြွေးနေတဲ့ လူနှစ်ယောက်မှာ ငါက ပိုမိုက်ပါတယ်၊ ပြန်ရှရင်ရှိုးမရှိတဲ့ ဘဝတပါးပြောင်းသွားတဲ့သားကို တောင့်တပြီး ငိုမိပါတယ်" ဟုပြော၍ လုလင်စကားကြောင့် ပူဆွေးမှုတို့ ကင်းပျောက်၍ လုလင်အား ကောင်းချီးပေးလိုသဖြင့်....

"ထောပတ်လောင်း၍ ရဲရဲညီးသည့်မီးကို ရေနှင့်လောင်း၍ ငြိမ်းပေးသကဲ့သို့ စိုးရိမ်ပူဆွေးတောက်လောင်သောမီးကို တရား

WWW.DHAMMARANSI.COM



စကားတည်းဟူသောရေဖြင့် သွန်းလောင်း၍ငြိမ်းစေ၏။ ငါ၏နှလုံးသားကို မှီ၍ဖြစ်သော ညှော်နံ့နှင့်တွဲသည့် စိုးရိမ်ခြင်းကိုနုတ်ယူခဲ့ပြီ။ အကြင်နုတ်သားသည် စိုးရိမ်ခြင်းနှိပ်စက်သော ငါ့အား သားကြောင့် ပူဆွေးရသော ညှော်နံ့ကိုနုတ်ပယ်၍ ပေးလိုက်ပြီ။ အေးချမ်း၍ စိုးရိမ်ခြင်းမရှိတော့ပါ။ ငါ့မှာငိုစရာအကြောင်းမရှိတော့”ဟု ပြောပြီး....

“အသင်နုတ်မင်း အသင်သည် မည်သို့သောနတ်သားနည်း” ဟုမေး၏။

“ပုဏ္ဏားကြီး.... ဤသင်္ချိုင်း၌ သင်လာရောက် ငိုကြွေးနေသော သင်၏သားဖြစ်သည်။ လူ့ဘဝ၌ပြုလုပ်ခဲ့သော ကုသိုလ်ကောင်းမှုကြောင့် တာဝတိံသာသို့ရောက်ရ၏” ဟုပြောလေလျှင် ပုဏ္ဏားသည် တအံ့တဩပြန်ပြော၏။

“အိမ်မှာအလှူလဲမလုပ်ဘူးပါ။ ဥပုသ်စောင့်တာလဲမရှိ၊ ဘယ်လိုကောင်းမှုကြောင့် နတ်ပြည်ရောက်ရပါသလဲ”

ထိုအခါ နတ်သားက....

“အိမ်မှာ ရောဂါပြင်းပြ ဒုက္ခရောက်နေဆဲမှာ မြတ်စွာဘုရားသခင်ကို ဖူးမြင်ရသဖြင့် ဝမ်းမြောက်ကြည်ညိုသော စိတ်ဖြင့် မြတ်စွာဘုရားကို ရှိခိုးခဲ့၏။ ထိုကောင်းမှုကြောင့် တာဝတိံသာနတ်ပြည်သို့ရောက်ရ၏”

ထိုစကားကိုပြောဆိုစဉ်ပင် ပုဏ္ဏား၏တကိုယ်လုံးသည် ပီတိဖြင့်ဖုံးခဲ့၏၊ ထပ်မံကြားလိုသည်ဖြစ်၍—

“စိတ်ဖြင့် ကြည်ညိုရှိခိုးခြင်းကြောင့် ဤလိုအကျိုးခံစားရသည်မှာ အံ့ဩစရာကောင်းလှပေသည်။ ငါသည်သည်း ဝမ်း

WWW.DHAMMARANSI.COM



မြောက်ကြည်ညိုလှ၍ မြတ်စွာဘုရားကို ကိုးကွယ် ဆည်းကပ်တော့မည်''ဟု ဆို၏။

''အို-ပုဏ္ဏား...ယနေ့ပင်လျှင် ဘုရား,တရား, သံဃာ ရတနာသုံးပါးကို သရဏံ ကိုးကွယ်ရာဟူ၍ ဆည်းကပ်လေလော့၊ ငါးပါးသီလကို ဆောက်တည် လေလော့''ဟု ငါးပါး သီလအကြောင်းကို ပြောပြ၏။ ပုဏ္ဏားက ကောင်းပါပြီဟု ဝန်ခံ၏။

''အို-ပုဏ္ဏား.... သင့်အိမ်မှာ ဥစ္စာပစ္စည်း များစွာရှိသည်။ မြတ်စွာဘုရားသို့အလှူကို ပေးလေလော့၊ တရားကိုနာကြားလေလော့၊ မသိသောပြဿနာကို မေးလျှောက်လေလော့''ဟု ဆို၍ သင်္ချိုင်းတွင်ပင် ပျောက်ကွယ်၍ သွားလေ၏။

## မြတ်စွာဘုရားထံ သွားရောက်လျှောက်ထားခြင်း

ပုဏ္ဏားကြီးသည် အိမ်သို့ပြန်၍ ပုဏ္ဏေးမကိုခေါ်ပြီး မြတ်စွာဘုရားကျောင်းတော်သို့ သွားလေသည်။

ကျောင်းတော်သို့ ရောက်လျှင် သင့်တင့်လျောက်ပတ်သော အရပ်၌နေလျက် မြတ်စွာဘုရားနှင့်တကွ သံဃာတော်များကို ဆွမ်းစားပင့်၏။ မြတ်စွာဘုရားသည် ဆိတ်ဆိတ်နေ၍ သည်းခံတော်မူ၏။ မြတ်စွာဘုရား ခွင့်ပြုတော်မူကြောင်းကို သိသဖြင့် အိမ်သို့ပြန်၍ ဆွမ်းကိစ္စကို စီစဉ်၏။

## ပြဿနာကိုမေးလျှောက်ခြင်း

မြတ်စွာဘုရားသည် ရဟန်းသံဃာတို့ခြံရံလျက် ထိုပုဏ္ဏား၏ အိမ်သို့ ကြွတော်မူ၍ ခင်းအပ်သောနေရာ၌ နေတော်မူ၏။ ပုဏ္ဏားသည် ရိုသေစွာ ဆည်းကပ်လုပ်ကျွေး၏။

လူအပေါင်းတို့သည် မိစ္ဆာဒိဋ္ဌိ အယူရှိသောအိမ်က မြတ်စွာဘုရားကိုပင့်၍ ဆွမ်းကျွေးသည်ဟု မိစ္ဆာဒိဋ္ဌိ ပရိသတ်တို့လည်း

WWW.DHAMMARANSI.COM



လာကြ၏။ သမ္မာဒိဋ္ဌိအယူရှိသော သူတို့ကလည်း အားရဝမ်းသာလာကြ၏။

မိစ္ဆာဒိဋ္ဌိတို့က ထင်သည်မှာ ဤပုဏ္ဏားအိမ်၌ ဂေါတမဘုရားကို ပင့်ကာ ဆန့်ကျင်ဘက်ပြဿနာများ မေးသည်ကို မြင်ရလိမ့်မည်ဟု ထင်ကြ၏၊ သမ္မာဒိဋ္ဌိတို့က မြတ်စွာဘုရားကို ဖူးမြင်ကြရတော့မည်ဟု လာကြ၏။ ဆွမ်းစားခြင်းကိစ္စ ပြီးသောအခါ ပုဏ္ဏားသည် မြတ်စွာဘုရားအား ရိုသေစွာမေးလျှောက်၏၊

"အို... ရှင်ဂေါတမ.... အရှင်တို့အား အလှူလည်းမလှူ၊ ပူဇော်ခြင်းလည်းမပြု၊ တရားကိုလည်းမနာ၊ဥပုသ်လည်းမစောင့်ပဲ စိတ်ဖြင့်ကြည်ညိုကာမျှ သက်သက်နှင့် နတ်ပြည်သို့ရောက်နိုင်သလော"

"ပုဏ္ဏား.... အဘယ်ကြောင့် ငါ့ကိုမေးလျှောက်သနည်း။ သင်၏သား မဋ္ဌကုဏ္ဍလီသည် ငါဘုရားအား စိတ်ဖြင့်ကြည်ညို၍ နတ်ပြည်သို့ ရောက်ရသောအဖြစ်ကို ကိုယ်တိုင်လာပြောသည် မဟုတ်လော"

"ဘယ်အချိန်က ပြောသနည်းဘုရား"

"သင်သည် ယနေ့ သုသာန်သို့သွား၍ ငိုကြွေးသည့်အခါ မနီးမဝေး၌ လက်မောင်းကို မြှောက်၍ ငိုကြွေးသော လုလင်တယောက်ကိုမြင်၍ စကားပြောကြသည်မဟုတ်လော"ဟု အစချီကာ ပုဏ္ဏားနှင့် မဋ္ဌကုဏ္ဍလီတို့ အချီအချပြောကြသောစကားများကို မြတ်စွာဘုရားသခင်သည် အလုံးစုံသော မဋ္ဌကုဏ္ဍလီဝတ္ထုကို ဟောတော်မူ၏။

(ထို့ကြောင့် မဋ္ဌကုဏ္ဍလီဝတ္ထုသည် ဘုရားကိုယ်တိုင် ဟောပြောခြင်းဖြစ်၏။)

WWW.DHAMMARANSI.COM



ထိုသို့ ဟောပြောပြီးနောက် မြတ်စွာဘုရားသခင်က "ငါ ဘုရား၌ စိတ်ကိုကြည်ညိုစေ၍ နတ်ပြည်၌ဖြစ်ကြသောသူတို့တား တရာလည်းမဟုတ်၊ နှစ်ရာလည်းမဟုတ် ရေတွက်၍မရနိုင်အောင် ပင်ရှိ၏"ဟု မိန့်တော်မူ၏။

ထိုအခါမှ လူအပေါင်းတို့သည် ယုံမှားသံသယ ကင်းစင်၍ သွားကြကုန်၏။

## မဋ္ဌကုဏ္ဍလီနတ်သား လာရောက်သက်သေခံခြင်း

မြတ်စွာဘုရားသခင်သည် ပရိသတ်များတို့ ပို၍သံသယကင်း စေရန်အတွက် "မဋ္ဌကုဏ္ဍလီနတ်သားသည် ဗိမာန်နှင့်တကွလာ ရောက်စေသတည်း"ဟု အဓိဋ္ဌာန်တော်မူ၏။

မဋ္ဌကုဏ္ဍလီနတ်သားသည် သုံးဂါဝုတ် အတိုင်းအရှည်ရှိသော နတ်၌ဖြစ်သော၊တန်ဆာဆင်ခြင်းရှိသောကိုယ်ဖြင့်လာ၍ဗိမာန်မှ ဆင်းသက်ပြီး မြတ်စွာဘုရားကို ရှိခိုး၍ သင့်တင့်လျောက်ပတ် သောအရပ်၌ရပ်၏။ ထိုအခါ မြတ်စွာဘုရားက....

"အသင်နတ်သား.... အသင်နတ်သားသည် အရောင်အဝါ တောက်ပထွန်းလင်းလျက် အလွန်နှစ်လိုဖွယ်သော အဆင်းဖြင့် ရပ်၏။ ဤကြီးစွာသော နတ်၏စည်းစိမ်ကို လူ့ပြည်မှ အဘယ် ကောင်းမှုကိုပြု၍ ရခဲ့သနည်း"ဟု မိန့်တော်မူ၏။

"အရှင်ဘုရား.... အကျွန်ုပ်သည် ဤစည်းစိမ် ချမ်းသာကို အရှင်ဘုရားတို့၌ စိတ်ကိုကြည်ညိုစေ၍ ရအပ်ပါသည်"ဟုနား တော်လျှောက်၏။

လူအပေါင်းတို့သည် မဋ္ဌကုဏ္ဍလီနတ်သားကိုကြည့်၍ ဘုရား၏ ဂုဏ်ကျေးဇူးတို့သည် အံ့ဩဖွယ်ရှိပါပေ၏။

စတုတ္ထအကြိမ်

WWW.DHAMMARANSI.COM



အဒိန္နပုဗ္ဗကပုဏ္ဏား၏သားသည် တစုံတခုသော ကောင်းမှုကို မပြုပဲ မြတ်စွာဘုရား၌ စိတ်ဖြင့်ကြည်ညိုခြင်းကြောင့် ဤစည်းစိမ်ချမ်းသာကိုရပေ၏ဟု ဝမ်းမြောက်ဝမ်းသာပြောကြားကြ၏။

ထိုအခါ မြတ်စွာဘုရားက တရားတော်ကို ဟောကြားတော်မူ၏။

၂။ မနော ပုဗ္ဗင်္ဂမာ ဓမ္မာ၊
မနောသေဋ္ဌာ မနောမယာ။
မနသာ စေ ပသန္နေန၊
ဘာသတိ ဝါ ကရောတိ ဝါ။
တတော နံ သုခမန္ဝေတိ၊
ဆာယာဝ အနပါယိနီ။

၂။ နာမ်ခန္ဓာ လေးပါးတို့သည် စိတ်လျှင်ရှေ့သွားရှိကုန်၏။ စိတ်လျှင်အကြီးအမှူး ရှိကုန်၏။ စိတ်ဖြင့်ပြီးကုန်၏။

သန့်ရှင်းကြည်လင်သော စိတ်ဖြင့် ပြောဆိုပြုလုပ်ကြံစည်သော် ထိုကံ၏အရိပ်သည် လူကိုမစွန့်မူ၍ အစဉ်လိုက်သကဲ့သို့ ထိုသူတို့ ချမ်းသာသည် အစဉ်လိုက်လေ၏။

WWW.DHAMMARANSI.COM




စတုတ္ထအကြိမ်

WWW.DHAMMARANSI.COM

# ၃။ စိတ်တခုနိုင် တရားပိုင်

## (အရှင်မေဃိယ မထေရ်ဝတ္ထု)

လေးသမားသည် မြားကို ဖြောင့်သကဲ့သို့၊
ကောက်ကျစ်သော စိတ်ကို ပညာရှိသည်၊
သမထဝိပဿနာဖြင့် ဖြောင့်အောင်ပြု၏။

### တဖျပ်ဖျပ်တုန် ကာမဂုဏ်

ရေထဲမှငါးကို ကုန်းပေါ်၌ တင်ထားသော်၊
တဖျပ်ဖျပ် တုန်လှုပ်၍ နေသကဲ့သို့၊
ကာမဂုဏ်တို့၌သာ ပျော်မွေ့တတ်သော စိတ်ကို၊
ကုန်းတည်းဟူသော ဘာဝနာသို့ တင်ထားခဲ့လျှင်၊
တဖျပ်ဖျပ် တုန်လှုပ်၍ နေလေ၏။

(ဖန္ဒနံ စ ပလံ စိတ္တံ)အစရှိသော ဒေသနာတော်ကိုစာလိယ တောင်၌ သီတင်းသုံးတော်မူစဉ် အရှင် မေဃိယ မထေရ်အား အကြောင်းပြု၍ ဟောကြားတော်မူ၏။

## ဝတ္ထုကြောင်းကား ဤသို့တည်း

အရှင်မေဃိယ မထေရ်သည် မြတ်စွာဘုရား ဝါတော် နှစ်ဆယ်မပြည့်သေးမီကာလ ပထမ ဗောဓိ၌ အလုပ် အကျွေး ဖြစ်ခဲ့၏။

မေဃိယ မထေရ်သည် ဇ နေ့၌ဇန္တုဂါမရွာသို့ဆွမ်းခံသွား ပြီး ကိမိကာလာယနမြစ်ကမ်း၌ ဆွမ်းဘုဉ်းပေးပြီး အညောင်း

WWW.DHAMMARANSI.COM



ပြေ လှည့်သည်သည့်အခါ သာယာကြည်နူးဖွယ် သရက်ဥယျာဉ်တောသို့ရောက်၍ သရက်ဥယျာဉ်၌ တရားအားထုတ်လျှင် အလွန်ကောင်းပေမည်၊ မြတ်စွာဘုရားသခင်သာ ခွင့်ပြုခဲ့လျှင် ဤသရက်ဥယျာဉ်၌ ကမ္မဋ္ဌာန်းစီးဖြန်းရန် လာမည်ဟုစဉ်းစား၏။

မြတ်စွာဘုရားထံရောက်လျှင် စိတ်ကူးအတိုင်းလျှောက်ထားခွင့်တောင်း၏။ မြတ်စွာဘုရားက....

"ချစ်သားမေဃိယ....ငါဘုရားအား လုပ်ကျွေးမည့်ရဟန်း တပါးမရောက်သေး၍ ခဏဆိုင်းငံ့ဦးလော့"ဟု မိန့်တော်မူ၏။ ထိုအခါ မေဃိယမထေရ်က....

"အရှင်မြတ်ဘုရား.... အရှင်မြတ်အား မဂ်ဖိုလ်ကိစ္စအတွက် ပြုစရာမရှိတော့ပါ၊ အဖန်တလဲလဲအားဖြင့် ပွားများခြင်းမရှိရပါ၊ တပည့်တော်မှာ မဂ်ဖိုလ်အတွက် ပြုစရာကိစ္စရှိပါသေးသည် တပည့်တော်ကို ခွင့်ပေးပါလျှင် သရက်ဥယျာဉ်၌ ကမ္မဋ္ဌာန်းတရားအားထုတ်ရန်သွားလိုပါသည်"ဟုထပ်မံလျှောက်ထား၏။

## အကုသိုလ်ဝိတက် ပွားများခြင်း

ထိုအခါ မြတ်စွာဘုရားက....

"ချစ်သားမေဃိယ၊ ကမ္မဋ္ဌာန်းတရား ပွားများအားထုတ်လိုသောသင့်အား ငါဘုရားသည် အဘယ်သို့ ဟန့်တားနိုင်မည်နည်း၊သင်သွားသင့်သည့် အချိန်ကာလကို သိလေလော့" ဟု မိန့်တော်မူ၏။

မေဃိယမထေရ်သည် သရက်ဥယျာဉ်တောသို့ ဝင်၍တခုသောသစ်ပင်ရင်း၌ တရားကိုရှုမှတ်နေ၏။ ထိုစဉ်အခါ မေဃိယ

WWW.DHAMMARANSI.COM



မထေရ်အား အကုသိုလ်စိတ်ဝိတက်တို့သည် လွှမ်းမိုး၍နေကြ၏။ ထိုအကုသိုလ်စိတ် ဝိတက်သုံးပါးကား....

(၁) ကာမဂုဏ်နှင့်စပ်၍ ဇာတ်ာအကြောင်းခံသော ကာမဝိတက်။

(၂) သတ္တဝါတို့ သေကြေပျက်စီးခြင်းကို ရှေးရှုကြံစည်သော ဒေါသအကြောင်းရင်းရှိသောဗျာပါဒဝိတက်၊

(၃) သတ္တဝါတို့ကို ညှဉ်းပန်းခြင်းနှင့်ဆိုင်သော ဝိဟိံသာဝိတက်။

ဤသုံးပါးသော အကုသိုလ်စိတ်တို့သည် နှိပ်စက်လွှမ်းမိုးနေကြ၏။

## မေဃိယမထေရ် သတိတရားရခြင်း

ထိုအခါ မေဃိယမထေရ်သည် ငါ့တွင်မဖြစ်စဘူး ဖြစ်ပေသည်။ အံ့ဩစရာကောင်းလှသည်။ သဒ္ဓါတရားကြီးမား၍တရားတော်၌ ယုံကြည်ခြင်းရှိသဖြင့် လူ့ဘောင်ကိုစွန့်ခဲ့ပြီး သာသနာတော်၌ ရဟန်းပြုပါသော်လည်း ဤအကုသိုလ် စိတ်တို့သည် အစဉ်တစိုက် ထက်ကြပ်မကွာ လိုက်ပေသည်ဟု ကမ္မဋ္ဌာန်းကို အားမထုတ်နိုင်တော့ပဲ ဘုရားသခင်အထံသို့ ပြန်လာချဉ်းကပ်၍ သင့်တင့်လျောက်ပတ်သော နေရာ၌ နေလေ၏။

မြတ်စွာဘုရားသည် မေဃိယမထေရ်ကို ခေါ်တော်မူပြီး-

"ချစ်သားမေဃိယ.... အသင်သည် ဝန်လေးသောအမှုကို ပြု၏။ ငါဘုရားတပါးတည်းသာဖြစ်ခဲ့၏။ အလုပ်အကျွေးရဟန်းတပါး ရောက်လာသည့်တိုင်အောင် ဆိုင်းငံ့ပါဦးဟု ဘောင်းပန်သည့် ငါဘုရားကို တပါးတည်း စွန့်ပစ်သွားခဲ့၍ ဤသို့စိတ်၏ဖောက်ပြန်မှုအလိုသို့ ပါသွားခြင်းမှာ သင့်လျော်ပေ၏။"

WWW.DHAMMARANSI.COM



ချစ်သား မေဃိယ.... စိတ်ဟူသည်ကား အလွန်လျင်မြန်စွာ ဖြစ်ခြင်း ချုပ်ခြင်းရှိ၏။

ဤသို့လျင်မြန်စွာ ဖြစ်တတ် ချုပ်တတ်သောစိတ်ကို မိမိဘက်သို့ပါအောင်ပြုခြင်းငှာသင့်လျော်လျောက်ပတ်ပေ၏''ဟု အဆုံးအမ ကို ပေးတော်မူ၍-

၃၃။ ဖန္ဒနံ စပလံ စိတ္တံ၊ ဒုရက္ခံ ဒုန္နိဝါရယံ။
ဥဇုံ ကရောတိ မေဓာဝီ၊ ဥသုကာရောဝ တေဇနံ။

၃၄။ ဝါရိဇောဝ ထလေ ခိတ္တော၊
ဩကမောက တဥဗ္ဘတော။
ပရိပ္ဖန္ဒတိဒံ စိတ္တံ၊
မာရဓေယျံ ပဟာတဝေ။

၃၃။ ရူပါရုံစသည်တို့၌ တုန်လှုပ်ထသော။ လျှပ်ပေါ် လော်လီထသော၊တည်ငြိမ်အောင်စောင့်ရှောက်နိုင်ခဲထသော။အာရုံအမျိုးမျိုးသို့ ပြေးထွက်သည်ကို တားမြစ်နိုင်ခဲထသော 'စိတ်ကို' ပညာရှိသည် သမထဝိပဿနာဖြင့် ဖြောင့်အောင်ပြု၏။ အဘယ်သို့နည်း ဟူမူကား လေးသမားသည် ကောက်နေသော မြားကို 'မီးဖြင့်' အကြိမ်ကြိမ်အဖန်ဖန်ဖြောင့်အောင် ပြုသကဲ့သို့ပင်တည်း။

၃၄။ ရေ၌နေသောငါးသည် ရေမှထုတ်၍ ကုန်း၌ တင်ထားလျှင် တဆွေ့ဆွေ့ ခုန်သကဲ့သို့ မာရ်နတ်ပူးဝင်နေသည့် ကိလေသာ ဝဋ်မှ ကျွတ်လွတ်အောင် ပြုသည့်အခါ ကာမဂုဏ်၌ ကျက်စားနေကျ ဖြစ်သော ဤစိတ်သည် ကာမဂုဏ်တည်ရာမှထုတ်၍ ဘာဝနာ တည်းဟူသော ကုန်းပေါ်၌ တင်ထားသည့်အခါ ကာမဂုဏ်ကြောင့် တဖျပ်ဖျပ်တုန်လှုပ်သည်သာ ဖြစ်လေ၏။

ဤ တရားတော်၏အဆုံး၌ အရှင်မေဃိယ မထေရ်သည် ဉာဏ်အမြင် ရင့်သန်သောပုဂ္ဂိုလ်ဖြစ်သည့်အလျောက် သောတာပတ္တိဖိုလ်၌ တည်လေ၏။

(ဓမ္မပဒ စိတ္တဝဂ် ရှေးဦးစွာသော မေဃိယ မထေရ်ဝတ္ထု)

WWW.DHAMMARANSI.COM

# ၄။ စိတ်တခုထိန်း အားလုံးငြိမ်း

## (အညတရ ရဟန်းနှင့် မာတိကာမာတာ ဝတ္ထု)

နှိမ်နင်းရန် ခဲယဉ်း၍
အလွန်လျင်မြန်လှသော
ကာမဂုဏ် အာရုံ၌ ကြံစည်လေ့ရှိသော
စိတ်ကို ဆုံးမနိုင်လျှင်၊
လောကီအတွက်လည်း ကောင်း၏၊
လောကုတ္တရာအတွက်
လူ နတ် နိဗ္ဗာန် သုံးတန်ချမ်းသာကို
ရောက်စေနိုင်၏။

ဤဒေသနာတော်ကို မထင်ရှားသော ရဟန်း တပါးကို အကြောင်းပြု၍ သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ ဟောတော်မူ၏။

### ဝတ္ထုကြောင်းကား ဤသို့တည်း

သာဝတ္ထိပြည် ကောသလမင်းကြီး၏ နိုင်ငံ ပိုင်နက်အတွင်း တောင်ခြေရင်း၌ မာတိကာအမည်ရှိသော အိမ်ခြေအလွန် စည်ကားသည့် ရွာကြီးတရွာရှိ၏။

တနေ့သ၌ ခြောက်ကျိပ်ခန့်မျှသော ရဟန်းတို့သည် မြတ်စွာဘုရားထံတော်မှ အရဟတ္တဖိုလ်ပေါက် ကမ္မဋ္ဌာန်းတရားကို သင်ကြားပြီး ဆွမ်းခံရန် မာတိကာရွာတွင်းသို့ ကြွဝင်တော်မူကြ၏။

WWW.DHAMMARANSI.COM

# စိတ်တခုယိမ်းအားလုံးငြိမ်း

## မာဃိကာမာတာဝတ္ထု



စေတုပ္ပအဖြင့်

WWW.DHAMMARANSI.COM



## မာတိကာ ရွာသူကြီး၏အမေ

၎င်းမာတိကာ ရွာ၌ ရွာသူကြီး၏ အမေ့ကို "မာတိကာ မာတာ"ဟု ခေါ်ကြ၏။

မာတိကာမာတာသည် ရဟန်းတော်တို့ကို မြင်၍ မိမိ၏ အိမ် ပေါ်သို့ပင့်ပြီး ထိုင်နေသတင်းသုံးစေပြီးသည့်ကာလ အမျိုးမျိုး ကောင်းမြတ်၍ အရသာ ရှိလှသော ဆွမ်းယာဂုတို့ဖြင့် ကပ်လှူ လုပ်ကျွေးပြီးသော် "အရှင်မြတ်တို့ ဘယ်အရပ်ကို ကြွတော်မူ ကြပါမည်နည်း"ဟု မေးလျှောက်၏။

"ဒါယိကာမကြီး.... ငါတို့သည် သပ္ပါယ ဖြစ်မည့်အရပ်ကို လှည့်လည်ကြည့်ရှုနေပေသည်"ဟု မိန့်ဆို၏။

ထိုအခါ ဒါယိကာမကြီးသည် ဤ အရှင်မြတ်တို့ ဝါဆိုရာ အရပ်ကို ရှာမှီးတော်မူကြသည်ဟု သိ၍ ရဟန်းတော်မြတ်တို့ အား ရှိခိုးဦးတင်ပြီး-

"အရှင်မြတ်တို့ ...ဤအရပ်၌ ဝါတွင်းသုံးလပတ်လုံး သီတင်း သုံးတော် မူကြပါလျှင် တပည့်တော်မသည် သရဏဂုံနှင့်တကွ ငါးပါးကုန်သော သီလတော်မြတ်တို့ကို ခံယူ ဆောက်တည်၍ ဥပုသ်စောင့်သုံးခြင်း အမှုကို ပြုပါမည်"ဟု လျှောက်ကြား၏။

ရဟန်းတော်တို့သည် ဤဒါယိကာမကြီးကို အမှီပြု၍ ဆွမ်း ဖြင့် မပင်ပန်းပဲ တရားအား ထုတ်ကာ ဘဝမှထွက်မြောက်ရာကို ကြိုးစားနိုင်ကြမည်ဟု ဆင်ခြင်တော်မူကြပြီး ဤ အရပ်မှာပင် သီတင်းသုံးကြရန် ဝန်ခံကြကုန်၏။

ဒါယိကာမကြီးသည် ဝမ်းမြောက်ဝမ်းသာ ကျောင်းဇရပ် တို့ကို ဆောက်လုပ်လှူဒါန်း၏။

WWW.DHAMMARANSI.COM



## ရဟန်းတို့၏ ကတိကဝတ်

ရဟန်းတော်တို့သည် အချင်းချင်း စည်းဝေးကြပြီး ငါတို့သည် အစဉ်မပြတ် မမေ့မလျော့သောဝီရိယဖြင့် ကျင့်ဆောင်ကြကုန်အံ့။

မြတ်စွာဘုရားတို့သည် ဘုရားသခင်နောက်မှ ယူဇနာ၁တာ ရောက်အောင် ကပ်၍လိုက်နေသော်လည်း ဝမ်းမြောက်လိမ့်မည် မဟုတ်။ မြတ်လှစွာသောစိတ်ထားသာလျှင် ဝမ်းမြောက်စေပေလိမ့်မည်။

သို့ဖြစ်၍ တနေရာတည်း၌ ရဟန်းနှစ်ပါး အတူတကွမနေကြနှင့်၊ ညနေချမ်း မထေရ်ကြီးကို ခစားဆည်းကပ်သောအချိန်၌လည်းကောင်း၊ နံနက်စောစောကဆွမ်းခံချိန်အထိ အတူတကွ ရှိကြ၍ ကျန်သောအချိန်၌ နှစ်ပါးတွဲ၍ မနေကြစတမ်း။

အကယ်၍ ရောဂါဘယ တစုံတရာရှိသော ရဟန်းသည် ကျောင်းအလယ်၌ရှိသော ကျောက်စည်ကိုထိုးပါက ယိုရဟန်းအား ဝိုင်းဝန်း၍ကူညီ ဆောင်ရွက်ကြကုန်အံ့ဟု အချင်းချင်း ကတိကဝတ်ပြု၍ ရဟန်းတရားကို ကြိုးစား အားထုတ်ကြ၏။

## မာတိကာမာတာရောက်လာခြင်း

တနေ့တွင် ဒါယိကာမကြီးသည် ထောပတ်ဆီ၊ တင်လဲ၊ သကာစသည်တို့ကို ယူစေ၍ အပေါင်းအဖော်ယောကျာ်း,မိန်းမတို့ခြံရံလျက် ညနေချမ်းအခါ ကျောင်းသို့လာကြ၏။

ကျောင်း၌ ရဟန်းတို့ကို မမြင်သောကြောင့် မေး၏။ ရဟန်းတော်တို့က ကတိကဝတ် ထားကြသည်ကို သိသောသူတို့က ကျောက်စည်ကိုထိုးခတ်လျှင် ရောက်လာကြပါမည်ဟု ပြောသဖြင့် ကျောက်စည်ကိုထိုးခတ်စေ၏။

WWW.DHAMMARANSI.COM



ရဟန်းတော်တို့သည် ကျောက်စည်သံ ကြားလျှင် ရဟန်းတပါးပါး နာမကျန်း ဖြစ်သည်ဟု မိမိတို့နေရာ အရပ်တို့မှ ကြွလာကြ၏။

တနေရာ တနေရာစီမှ ရဟန်းတပါးစီသာ သိမ်မွေ့သော ကုန္ဒြေဖြင့် စကားမပြောပဲ ကြွလာကြ၏။ ရဟန်းနှစ်ပါး အတူလာခြင်းမရှိ။

ထိုအခါ ဒါယိကာမကြီးသည် ရဟန်းတော် အချင်းချင်း မသင့်မတင့် ဖြစ်နေကြသည်ဟု ထင်မှတ်၍ လျှောက်ထားမေးမြန်း၏။

## မာတိကာမာတာ အနာဂါမ်တည်ခြင်း

ရဟန်းတော်တို့က ဒါယိကာမကြီးအား မသင့် မတင့်၍ တကွဲတပြားစီသာကြခြင်းမဟုတ်၊ ငါတို့သည် တပါးလျှင်တနေရာစီခွဲလျက် ရဟန်းတရားကို အားထုတ်ခြင်းဖြစ်သည်ဟု မိန့်ဆို၏။

"ရဟန်းတရား ဆိုသည်ကား အဘယ်သို့ပါနည်း" ဟု မေးလျှောက်၏။

"ဒါယိကာမကြီး.... မိမိခန္ဓာကိုယ် အတ္တဘော၌ သုံးဆယ့်နှစ်ပါးသော အခြင်းအရာ အစုအဝေးဟု ဆိုအပ်သော ဒွတ္တိံသာကာရတို့ကို ပွားများခြင်းပြုကြသည်။ မိမိခန္ဓာကိုယ်အတ္တဘော၌ ကုန်ခြင်း ပျက်ခြင်း ခယဝယ ထင်စေကြကုန်သည်"

ဟု မိန့်တော်မူကြလျှင်-

"အရှင်ဘုရားတို့....ဒွတ္တိံသာကာရတို့ကို ရှုမှတ်ခြင်း၊ ခယဝယကို ထင်စေခြင်းတို့သည် အရှင်ဘုရားတို့သာ အားထုတ်ရပါသလား၊ တပည့်တော်မတို့လည်း အားထုတ်နိုင်ပါသလား"

WWW.DHAMMARANSI.COM



"ဒါယိကာမကြီး....ဤတရားကို ကျင့်ကြံအားထုတ်ခြင်းငှါ တစုံတယောက်သောသူမျှ မတားမြစ် မပိတ်ပင်အပ်ပေ"

"ဤသို့ဆိုလျှင် တပည့်တော်မအား ဒွတ္တိံသာကာရ ကမ္မဋ္ဌာန်းနှင့် ခန္ဓာကိုယ်၌ ခယဝယထင်စေသော ကမ္မဋ္ဌာန်းတရားကို သင်ကြားပေးပါ ဘုရား"ဟု လျှောက်ထား၏။

ရဟန်းတော်တို့သည် ဒါယိကာမကြီးအား ကမ္မဋ္ဌာန်းတရားကို အလုံးစုံသင်ကြားပေး၏။ ထိုအခါမှစ၍ ကမ္မဋ္ဌာန်းတရားကို အားထုတ်ခြင်းပြုခဲ့ရာ ရဟန်းတော်တို့ထက် ဦးစွာပင်လျှင်ဒါယိကာမကြီးသည် မဂ်သုံးပါး ဖိုလ်သုံးပါးသို့ရောက် ၏။

မဂ်သို့ရောက်သည်နှင့် တပြိုင်နက်ပင် ပဋိသမ္ဘိဒါလေးပါးနှင့် တကွ လောကီအဘိညာဉ်တို့သည်လည်း လာရောက်ထင်မြင်ကုန် သဖြင့် ရရှိလေ၏။

ရဟန္တာများဖြစ်ကြခြင်း

ဒါယိကာမကြီးသည် မဂ်ဖိုလ်မှထ၍ ဒိဗ္ဗစက္ခု အဘိညာဉ်ဖြင့် ကြည့်ရှုဆင်ခြင်လျှင် ငါ၏သားတော်တို့သည် အဘယ်အချိန်၌ ဤတရားထူးကို ရခဲ့ကြသနည်းဟု ဆင်ခြင်ကြည့်ရှုရာ ငါ၏သား အားလုံးတို့မှာ လောဘ၊ ဒေါသ၊ မောဟတို့သည် အထင်အရှား ရှိကြသေးသည်။ ဈာန် ဝိပဿနာ မျှလည်း မရှိကြသေးပါ တကား။

ငါ၏ သားတော်တို့အား အရဟတ္တဖိုလ်သို့ ရောက်နိုင်မည့် အကြောင်းခံများ ရှိသေးသလား၊ မရှိလေသလားဟု ဆင်ခြင်ပြန် သော် အကြောင်းခံ ဉပနိဿယရှိသည်ကို မြင်ပြီး ကျောင်း အိပ်ရာ နေရာ ပုဂ္ဂိုလ် သပ္ပါယတို့ ပြည့်စုံလေသလောဟု ဆင်ခြင်ပြန်၏။ ပြည့်စုံကြောင်းကို မြင်၏။ အာဟာရ သပ္ပါယကိုရပါသလော

WWW.DHAMMARANSI.COM



ဟု ဆင်ခြင်ပြန်သော် အာဟာရသပ္ပါယ မပြည့်စုံခြင်းကို မြင်လေ၍ ဒါယိကာမကြီးသည် ထိုအချိန်မှစ၍ ယာဂုကိုအထူးထူး အပြားပြား ချက်ပြုတ်၍သည်၊ကောင်း၊ ခဲဖွယ်ဘောဇဉ်ကို အရသာရှိအောင် စီစဉ်စေပြီး ရဟန်းတော်တို့အား အိမ်သို့ပင့်ဖိတ်ပြီး အလှူရေစက်ကို သွန်းချပေးလှူ၍ ကြိုက်နှစ်သက်ရာ ခဲဖွယ်ဘောဇဉ်တို့ကို အလိုရှိသမျှ ဘုဉ်းပေးသုံးဆောင်တော်မူကြပါလော့ဟု လျှောက်ထား၏။

ရဟန်းတော်တို့သည် သင့်မြတ်သောအာဟာရကို ပြည့်စုံစွာ မှီဝဲကြရသဖြင့် စိတ်သည် ကျောက်တိုင်ပမာ အလွန်ဘည်ကြည်သည်ဖြစ်လေ၏။ ထိုသို့မတုန်မလှုပ် တည်ကြည်သော စိတ်ဖြင့် ဝိပဿနာကို ပွား၍ မကြာမီပင်လျှင် ပဋိသမ္ဘိဒါတို့နှင့် တကွ အရဟတ္တဖိုလ်ကို ရောက်ကြကုန်၏။

## မြတ်စွာဘုရားထံ လျှောက်ထားကြခြင်း

ခြောက်ကျိပ်မျှသော ရဟန်းတော်တို့သည် အရဟတ္တဖိုလ်သို့ ရောက်ပြီး ကြံဆင်တော်မူသော် ဒါယိကာမကြီး၏လျှောက်ပတ်သော အာဟာရကို ရ၍သာလျှင် ငါတို့သည်မဂ်ဖိုလ်ကို ထိုးထွင်း၍ သိခြင်းငှာ အားထုတ်နိုင်ခဲ့ပေသည်။ ဒါယိကာမကြီး၏ အထောက်အပံ့ကိုသာ မရခဲ့ပါလျှင် ငါတို့အား မဂ်ဖိုလ်ကို ထိုးထွင်း၍သိနိုင်ရန် အကြောင်းမရှိပေ။ ဒါယိကာမကြီးသည် အံ့သြဖွယ် ကောင်းလှသည်ဟု သိမြင်တော်မူကြပြီးနောက် သီတင်းဝါလကျွတ်၍ ပဝါရဏာပြုကြပြီးနောက် မြတ်စွာဘုရားသခင်ကို ဖူးမြင်ရန်သွားလိုကြ၍ ဒါယိကာမကြီးကို ပန်ကြားကြ၏။

WWW.DHAMMARANSI.COM



ဒါယိကာမကြီးသည် ဆောင်းလှပါပြီဟု ဝန်ခံ၏။ ရွာနေလူအပေါင်းတို့သည် ရဟန်းတော်တို့အား ကြည်ညိုနှစ်သက်စွာဖြင့် ထိုက်တန်သည့်ခရီးအထိ လိုက်ပါပို့ဆောင်ကြ၏။ ရဟန်းတို့သည် မြတ်စွာဘုရား ရှေ့တော်ဝင်၍ ရှိခိုးကန်တော့ကြပြီး သင့်တင့်သောနေရာ၌ ထိုင်နေကြ၏။

မြတ်စွာဘုရားက ရဟန်းတို့အား ကျန်းမာကြပါ၏လော၊ အနေအထိုင် မျှတပါ၏လော၊ ဆွမ်းကွမ်းအတွက် မပင်ပန်းပဲရှိပါ၏လောဟု မေးတော်မူ၏။

"အရှင်ဘုရား.... တပည့်တော်တို့ ကျန်းမာကြပါ၏၊ မျှတကြပါ၏။ ဆွမ်းအတွက်လည်းမပင်မပန်းရရှိပါသည်။ မာတိကာမာတာ အမည်ရှိသော ဒါယိကာမကြီးသည် တပည့်တော်တို့၏စိတ်တွင်း၌ ကြံစည်သမျှကိုသိ၍ တောင့်တသော အာဟာရကို ပြုပြင်စီရင်၍ လာရောက်ပို့ပါသည်ဟု မာတိကာမာတာ ဒါယိကာမကြီး၏ ဂုဏ်ကျေးဇူးစကားကို ပြောဆိုချီးမွမ်း လျှောက်ထားကြကုန်၏။

## အညတရ ရဟန်းတော်တပါး

မထင်ရှားသော ရဟန်းတပါးသည် မာတိကာမာတာ၏ ဂုဏ်ကျေးဇူးစကားများကို ကြား၍ ထိုအရပ်သို့သွားလိုသောကြောင့် မြတ်စွာဘုရားထံ ကမ္မဋ္ဌာန်းကိုသင်ယူပြီး မာတိကာရွာသို့သွားရန် ခွင့်တောင်းပြီး ဇေတဝန်ကျောင်းတော်မှ မာတိကာရွာကျောင်းသို့ရောက်၏။

## ဒါယိကာမကြီးကို စမ်းခြင်း

ထိုရဟန်းသည် ကျောင်းသို့ရောက်လျှင်ပင် ဤမာတိကာမာတာ ဒါယိကာမကြီးသည် တပါးသူတို့စိတ်ကြံစည်တိုင်း သိသည်

WWW.DHAMMARANSI.COM



ဟု ပြောကြသည်။ ယခုငါသည် ခရီးပန်းခဲ့သည်။ ကျောင်းကို ရှင်းလင်း သုတ်သင်နိုင်ခြင်း မရှိပေ။ ကျောင်းသို့ သုတ်သင် ရှင်းလင်းရန် လူများစေလွှတ်လျှင် ကောင်းမည်ဟု စိတ်တွင်းမှ ကြံစည်မိ၏။

ဒါယိကာမကြီးသည် အိမ်မှပင်ဆင်ခြင်သော် ထိုအကြောင်း ကိုသိ၍ ကျောင်းကိုသုတ်သင်ရှင်းလင်းရန် လူများကိုစေလွှတ်၏။

ထိုရဟန်းသည် အဖျော်ကိုသောက်လိုသည်၊ ဒါယိကာမကြီး ပေးပို့လျှင်ကောင်းမည်ဟု စိတ်တွင်းမှကြံစည်ပြန်၏။ ဒါယိ ကာမကြီးသည် အဖျော်ကို ပေးပို့စေ၏။

ထိုရဟန်းသည် နောက်တနေ့ နံနက်စောစောပင် ယာဂု ကောင်းကောင်းနှင့် လက်သုပ်ဟင်းစားရလျှင် ကောင်းမည်ဟု ကြံစည်၏။ ဒါယိကာမကြီးသည် ထိုရဟန်းတော် ကြံစည်တိုင်း စီစဉ်ချက်ပြုတ်၍ပေးပို့၏။

ထိုရဟန်းတော်သည် ယာဂုဆွမ်းကိုဘုဉ်းပေးပြီး ဤသို့သော အချိုပွဲ(ခဲဖွယ်)တို့ကို ပို့ခိုင်းလျှင် ကောင်းလေစွဟု စိတ်တွင်းမှ ကြံစည်ပြန်၏။

ဒါယိကာမကြီးသည် ထိုခဲဖွယ်တို့ကို ပို့စေ၏။

ထို့နောက်တဖန် ဤဒါယိကာမကြီးသည် ငါကြံစည်တိုင်း သိ၏။ ဒါယိကာမကြီးကို ငါမြင်ချင်စမ်းပါဘိဟု စိတ်ထဲမှကြံ ပြန်၏။

ဒါယိကာမကြီးသည် ငါ၏သားတ ငါ့ကိုမြင်လိုသည်။ ငါ့ကို လာစေလိုသည်ဟု စားစရာသောက်စရာများယူပြီး ကျောင်းသို့

WWW.DHAMMARANSI.COM



သူ့နေ၍ လူဒါန်း၏။ ကျောင်းသို့ရောက်စ ထိုရဟန်းသည် ဆွမ်းစားပြီးလျှင်....

'ဒါယိကာမကြီးသည်မာတိကာရွာသူကြီး၏ မိခင်ပေလော'

"ချစ်သား ဟုတ်ပေ၏"

"သင်သည် သူတပါးတို့၏စိတ်ကို သိပါသလော"

"ချစ်သား....ဘာကြောင့် မေးသနည်း"

"ငါသည် စိတ်ကူးတိုင်း စိတ်ကူးတိုင်း အားလုံးကို ဒါယိကာမကြီး ဆောင်ရွက်ပေးခဲ့သည် မဟုတ်လော"

"ချစ်သား....သူတပါးတို့၏ စိတ်ကို သိကြသော ရဟန်းတို့ အများအပြားပင် ရှိကြသည်"

"သူတပါးကိုမမေး၊ဒါယိကာမကြီးကိုသာ မေးသည်"

ဒါယိကာမကြီးသည် သူတပါး၏စိတ်ကို သိသည်ဟုမပြောပဲ

"ချစ်သား....သူတပါး၏ စိတ်ကိုသိသော သူတို့သည်ကား ဤသို့ပင် ပြုကြပေသည်"ဟု ဆို၏။

## တွေး၍ကြောက်လာခြင်း

ကျောင်းသို့ရောက်စ မထင်ရှားသော ထိုအာဂန္တုရဟန်းသည် တဖြည်းဖြည်း စိမ့်၍ကြောက်လာ၏။

ပုထုဇဉ်တို့သဘာဝ ကောင်းတာကိုလည်း ကြံမိသည်၊စိတ်ဆိုသည်မှာ မကောင်းရာကိုလည်း ကြံမိသည်။ ငါ့စိတ်က တခါတရံ ဖောက်ပြန်၍ မကောင်းရာများ ကြံမိလျှင် ခိုးထုပ်ခိုးထည်နှင့် မိသောသူကဲ့သို့ အပြစ်တင်စရာ ဖြစ်တော့မည်။ ဤအရပ်က ထွက်ခွာမှ သင့်တော့မည်ဟု စိတ်ကူး၍....

"ဒါယိကာမကြီး....ငါသွားတော့မည်"ဟု ဆို၏။

"အရှင်ဘုရား....အဘယ်ကို ကြွမည်နည်း"

WWW.DHAMMARANSI.COM



"မြတ်စွာဘုရားထံတော်ကို သွားမည်"

"အရှင်ဘုရား....ဤကျောင်း၌သာ သီတင်းသုံးတော်မူပါ"

"မနေလိုတော့ပါ၊ သွားတော့မည်ဟု"ဟု ပြောဆိုပြီးလျှင် ထွက်လာခဲ့၍ မြတ်စွာဘုရားထံတော်သို့ ရောက်လာ၏။

## တခုတည်းသောတရား

မြတ်စွာဘုရားသည် ထိုရဟန်းကို—

"ချစ်သား....အဘယ်ကြောင့် ပြန်လာသနည်း"

"ထိုအရပ်၌နေခြင်းငှါ မတတ်နိုင်ပါ"

"အဘယ်ကြောင့် မနေနိုင်သနည်း"

"မာတိကာမာတာ ဒါယိကာမကြီးသည် ကြံစည်သမျှ အောက်မေ့သမျှ အကုန်သိပါသည်။ တပည့်တော် ပုထုဇဉ်ဖြစ်ပါသည်။ ကောင်းမြတ်သည်ကိုလည်း ကြံမိသည်။ မသင့်လျော်သည်ကိုလည်း ကြံမိကောင်း ကြံမိပါမည်။ ဤသို့မကောင်းသောစိတ်ဖြင့် ကြံစည်မိလျှင် တပည့်တော်ကို အပြစ်တင်စရာ ဖြစ်ပါလိမ့်မည်"

"ချစ်သားရဟန်း....ထိုအရပ်၌သာ သင်နေသင့်သည်"

"အရှင်မြတ်ဘုရား....တပည့်တော်မနေဝံ့ပါ"

"ချစ်သား ရဟန်း....ထိုသို့ဆိုလျှင် သင်သည် တခုတည်းသော တရားကို စောင့်ရှောက်နိုင်မည်လော"

"အဘယ်သို့သော တရားပါနည်း ဘုရား"

"ချစ်သား—အသင်၏ စိတ်တခုတည်းကိုသာ စောင့်ရှောက်လော့။ ထိုစိတ်သည် စောင့်ရှောက်နိုင်ခဲ၏။ အသင်သည် မိမိ၏စိတ်ကိုသာလျှင် နိုင်အောင်နှိပ်ကွပ်လော့။ အခြားဘာတခုမျှ မကြံ

WWW.DHAMMARANSI.COM



စည့် မအောက်မေ့နှင့်။ စိတ်ဆိုသည်မှာ အလွန်နှိမ်နင်းနိုင်ခဲ၏"
ဟု မိန့်တော်မူပြီး-

၃၅။ ဒုန္နိဂ္ဂဟဿ လဟုနော၊ ယတ္ထကာမနိပါတိနော။
စိတ္တဿ ဒမထော သာဓု၊ စိတ္တံ ဒန္တံ သုခါဝဟံ။

၃၅။ နှိမ်နင်းရန် ခဲယဉ်းသော စိတ်၊ အလွန် လျင်မြန်သောစိတ် အလိုရှိရာအာရုံ၌ ကျလေ့ရှိသောစိတ်၊ ဤစိတ်ကို ဆုံးမသောသူအား လောကီအတွက် လောကုတ္တရာအတွက်ပါ ကောင်းလှပေသည်။ ဆုံးမပြီး၍ ယဉ်ကျေးနေသောစိတ်သည် လူနတ် နိဗ္ဗာန် သုံးတန်သော ချမ်းသာကို ဆောင်ရွက်တတ်ပေ၏။

မြတ်စွာဘုရားသည် ထိုရဟန်းအား ဤသို့ အဆုံးအမကို ပေး၍....

"ချစ်သားရဟန်း... ပြန်သွားပါ၊ ဘာတခုမှ တွေးတောကြံဆ,မနေပဲ ထိုနေရာ၌ပင် နေတော့"ဟု စေလွှတ်တော်မူ၏။

ထိုရဟန်းသည် မြတ်စွာဘုရား၏အဆုံးအမကိုရခဲ့၍ ထိုမာတိကာရွာသို့ ပြန်လာခဲ့၏။

ထိုအချိန်မှစ၍ ထိုရဟန်းသည် စိတ်ကို ပြင်ပသို့ မလွှတ်စေပဲ ကမ္မဋ္ဌာန်းတရားတွင်သာရောက်အောင် ထိန်းခဲ့၏။ စိတ်ကို နိုင်အောင် နှိပ်ကွပ်ခဲ့၏။

ဒါယိကာမကြီးသည် ဒိဗ္ဗစက္ခုဖြင့် ကြည့်မှုသည် ရှိသော် မိမိလှူဒါန်းသည့် ကျောင်း၌ မထေရ် ပြန်ရောက် လာသည်ကို မြင်၍-

WWW.DHAMMARANSI.COM



ငါ၏သားသည် ဆရာထူးဆရာမြတ်၏ အဆုံးအမကိုရ၍ ပြန်ကြွတော်မူလာသည်ဟု မိမိဉာဏ်တွင်သိမြင်ပြီး ထိုရဟန်းအား သင့်လျော်မည့် ဆွမ်းဘောဇဉ်တို့ကို စီစဉ်ပေးလှူ၏။ သပ္ပါယ ဖြစ်သော ဘောဇဉ်အာဟာရကို မှီဝဲရသည်ဖြစ်၍ တရားကို ပိုင်နိုင်စွာ မဆုတ်မနစ် အားထုတ်နိုင်ခဲ့သောကြောင့် နှစ်ရက် သုံးရက်ဖြင့်သာလျှင် အရဟတ္တဖိုလ်သို့ရောက်ပြီး မဂ်ဖိုလ်ချမ်းသာဖြင့် လွန်စေလျက်–

"ဩော်-ဤဒါယိကာမကြီးကို အမှီရသဖြင့် ဘဝမှ ထွက်မြောက်ရာသို့ ရောက်ပေပြီ။ ငါ၏ထောက်ပံ့ရာ ဖြစ်ပါပေတကား" ဟု ကြံ ဆင်ခြင်ပြီးသော်- "ဤသံသရာ၌ ပြေးလွှား ကျင်လည်ရသော ငါ့အား အခြားသော ဘဝများ၌လည်း ငါ့အား ထောက်တည်ရာ ဖြစ်ဖူးလေသလော"ဟု စူးစမ်း ဆင်ခြင်ပြီးသော် ကိုးဆယ့်ကိုးဘဝကို အစဉ်အတိုင်း ရှုကြည့်လေ၏။

ကိုးဆယ့်ကိုးဘဝပတ်လုံး ဤဒါယိကာမကြီးသည် မိထွေး၏ ဇနီးဖြစ်၍ အခြားသော ယောကျ်ားတို့နှင့် ဖောက်ပြား၍ ခင်ပွန်းယောကျ်ားဖြစ်သော တို့မထွေးကို သတ်ခဲ့သည့်အဖြစ်ကို မြင်လေ၏။

ဤသို့ ကျေးဇူးမဲ့ခဲ့သော အပြစ်ကိုမြင်၍-

"ဤဒါယိကာမကြီးသည် အလွန် ဝန်လေးသော အမှုကို ပြုခဲ့သည်တကား"ဟု ဆင်ခြင်အောက်မေ့တော်မူ၏။

## ဒါယိကာမကြီးက ပြန်လည်၍ သတိပေးခြင်း

ဒါယိကာမကြီးသည်လည်း အိမ်မှပင် ငါ၏သားအား ရဟန်းကိစ္စ ပြီးဆုံးလေပြီလော ဟု စူးစမ်း ဆင်ခြင်ရာတွင် အရဟတ္တဖိုလ်သို့ရောက်၍ ကိုးဆယ့်ကိုးဘဝတွင် ငါသည် အခြားသော

WWW.DHAMMARANSI.COM



ယောကျ်ားတို့နှင့် ဖောက်ပြား၍ လင်ကိုသတ်ခဲ့ဖူးသည့် အဖြစ်ကို မြင်ပြီး ငါ့အား အလွန်ဝန်လေးသောအမှုကို ပြုသည်ဟု ငါ၏ သားသည် ကြံဆင်ခြင်၍ နေလေသည်ဟု ကြံစည် စဉ်းစား၍ အိမ်မှပင် ထိုရဟန်းအား ဤကိုးဆယ်ကိုးဘဝသာ မကြည့်ပဲ ရှေ့သို့တက်၍ ပြုခဲ့ဖူးသောအမှုကို စူးစမ်း ဆင်ခြင်တော်မူပါဦး ဟု လျှောက်ကြားလိုက်၏။

မထေရ်သည် ဒိဗ္ဗသောတနားဖြင့် ဒါယိကာမကြီးလျှောက် ကြားလိုက်သောအသံကို ကြားသောကြောင့် အထက်သို့တက်၍ အစဉ်အောက်မေ့ကြည့်ရှုသည့်ကာလ ခုနစ်ခုမြောက်သောဘဝ၌ ဒါယိကာမကြီးသည် အသက်ကို အသေခံ၍ မိမိ၏ အသက်ကို ကယ်ဆယ်ခဲ့ဖူးသည့်အဖြစ်ကို မြင်တော်မူ၏။

ထို့ကြောင့်ပင် ဒါယိကာမကြီးသည် ငါ့အား ကြီးကျယ်စွာသော ကျေးဇူးဥပကာရ ပြုဖူးလေပြီဟု နှစ်လိုဝမ်းသာခြင်း ဖြစ်၍ လေးပါးကုန်သော မဂ်ဖိုလ်တို့ကို ထိုကျောင်းမှပင် ဒိဗ္ဗသောတစိတ်ဖြင့် ဒါယိကာမကြီးကို ဟောကြားဟော် မူပြီး ခန္ဓာကမ္မဇရုပ်အကြွင်းမရှိသော နိဗ္ဗာနဓာတ်ဖြင့် ပရိနိဗ္ဗာန် စံယူတော်မူ၏။

(ဓမ္မပဒ စိတ္တဝဂ် နှစ်ခုမြောက် အညတရ ရဟန်းနှင့် မာတိကာမာတာ ဝတ္ထုပြီး၏။)

WWW.DHAMMARANSI.COM

# ကိလေသာဘေး ကင်းစင်ရေး

## (စိတ္တဟတ္ထမထေရ် ဝတ္ထု)

စိတ်မတည်တံ့သော
သူတော်ကောင်းတရားကို မသိသော
ဖောက်ပြန်ပျက်စီးလွယ်သောသူအား
ပညာသည် မပြည့်စုံနိုင်။
ရာဂနှင့် မစိုစွတ်သော စိတ်ရှိသော
ဒေါသကြောင့် ထိခိုက်သော စိတ်မရှိသော
ကောင်းမှု မကောင်းမှုကို ပယ်ပြီးသော
နိုးကြားသော ပုဂ္ဂိုလ်အား
ဘေးရန်သည် မရှိပေ။

ဤဒေသနာတော်ကို ဇေတဝန်ကျောင်းတော်၌ စိတ္တဟတ္ထမထေရ်ကို အကြောင်းပြု၍ ဟောကြားတော်မူ၏။

### ဝတ္ထုကြောင်းကား ဤသို့တည်း

သာဝတ္ထိပြည်မှ စိတ်ဆောင်းရှိသော လူတယောက်သည် နွားပျောက်၍ တောသို့ ဝင်၍ရှာဖွေ၏။ မွန်းတည့်ချိန်ရောက်မှ နွားတွေ့၍ ပြန်လာ၏။ ဆာလောင်လှသဖြင့် နွားကိုလွှတ်ပြီး အနီးရှိ ကျောင်းသို့ဝင်၍ ရဟန်းတို့ကိုရှိခိုးပြီး သင့်ရာအရပ်၌ ထိုင်နေ၏။ ရဟန်းတို့၏ စားကြွင်းထည့်သော ခွက်၌ ထမင်းများရှိ၏။

ရဟန်းတို့သည် ထိုဒါယကာ ဆာလောင်မွတ်သိပ်လာသည်ကို မြင်သဖြင့် "ဤထမင်းကိုယူ၍ စားလော့" ဟု ဆို၏။ ထမင်းကျန်တို့တွင် အမဲဟင်းလျာများစွာ ပါ၏။

WWW.DHAMMARANSI.COM



WWW.DHAMMARANSI.COM



ထိုသူသည် ထမင်းနှင့် ဟင်းကိုယူ၍ စားသောက်ပြီးနောက် ရဟန်းတို့အားရှိခိုး၍ "အရှင်ဘုရားတို့ ယနေ့ဆွမ်းပင့်ရာအရပ်သို့ ကြွကြပါသလား" ဟု မေးလျှောက်၏။

ရဟန်းတို့က "ဒါယကာ ပင့်ဖိတ်၍ရသည်မဟုတ်၊ နေ့စဉ်ဤသို့ ပင်ရကြသည်" ဟု မိန့်တော်မူ၏။

## နွားပျောက်ယောကျ်ား ရဟန်းပြုခြင်း

ထိုသူသည် စဉ်းစား၏။ ငါတို့ နေ့ရောညပါ အလုပ် လုပ်ကြရသော်လည်း ဤသို ထမင်းကောင်း ဟင်းကောင်း မစားကြရ၊ ရဟန်းတို့မှာ အမြဲမပြတ် သုံးဆောင်ရသည်။ ငါရဟန်းဝတ် မည်ဟုကြံ၍ ရဟန်းအဖြစ်ကို တောင်းပန်၏။ ထိုရဟန်းတို့က ထိုယောကျ်ားကို ရဟန်းပြုပေးကြ၏။ ရဟန်းဖြစ်ပြီးသည်နှင့်ပင် ကျောင်းရှိ ရဟန်းသံဃာအားလုံးတို့၏ ဝတ်ကြီး ဝတ်ငယ်တို့ကို အစစအရာရာ လိုလေသေးမရှိအောင် ပြု၏။

## ထွက်ချည် ဝင်ချည် စိတ်မတည်

ထိုရဟန်းသည် သာသနာတော်ကို မှီခို၍ ကောင်းမြတ်သော အစားအစာများကို စားရသဖြင့် မကြာမီပင် ဝဖြိုးလာ၏။

ထို့နောက် လူထွက်လိုသဖြင့် ဆွမ်းခံသွားယင်း လူဂုတ်လဲ လိုက်၏။

လူ့ဘဝ၌ ပင်ပင်ပန်းပန်း လုပ်ရသောအခါ ငြီးငွေ့လာပြီး ရဟန်းပတ်ပြန်၏။ ထိုနောက် ငြီးငွေ့ပြီး လူထွက်ပြန်၏။ ရဟန်းတို့သည် ထိုယောကျ်ား ရဟန်းပြုလျှင် များစွာသော ဝတ်ကြီး ဝတ်ငယ် ပြုသည်ကို ယောက်ထား၍ လူထွက်ပြီး တဖန် ရဟန်း ဝတ်ရန် လျှောက်ထားသောအခါ ခွင့်ပြု၍ ဝတ်ပေးကြပြန်၏။

WWW.DHAMMARANSI.COM



ဤသို့ဖြင့် ရဟန်း၀တ်လိုက် လူထွက်လိုက်နှင့် ခြောက်ကြိမ်တိုင်တိုင် ရဟန်း၀တ်ပြီး လူထွက်သွားပြန်၏။

## မယားအလှက တရားပြခြင်း

ထိုယောကျ်ားသည် လူ့ဘ၀ ပြန်ရောက်လျှင် မယား၌ ကိုယ်၀န်တည်လေ၏။

တနေ့တွင် တောမှ လယ်ထွန်ပြီး ထွန်တုံးကိုထမ်း၍ အိမ်ပြန်လာ၏။ မယားဖြစ်သူသည် အခန်းထဲ၌ အိပ်ပျော်နေ၏။ ကိုယ်မှ အ၀တ်တို့သည် ကျွတ်လျက်နေ၏။ နှေ့စေ့လစေ့ ကိုယ်၀န်ကြီးမှာ ဖောင်းပွ၍နေ၏။ အိပ်မောကျနေသည် ဖြစ်၍ ပါးစပ်ကြီးဟကာ ဟောက်နေ၏။ ပါးစပ်မှလည်း အရိအရွဲတို့သည် စီးကျနေ၏။

ထိုယောကျ်ားသည် အိပ်ပျော်နေသော မယားကို စေ့စေ့ကြည့်၏။ ဖူးဖူးရောင်သော သူ့ကောင်ပုပ်ကဲ့သို့ မျက်စိထဲမှာ ထင်မြင်လာ၏။ ဤအရာ၀တ္ထုသည် အနိစ္စ၊ ဒုက္ခသာ ဖြစ်ချေသည် တကားဟု အသုဘသညာ ရ၍လာ၏။

ငါသည် ဤမိန်းမကြောင့် ရဟန်းအဖြစ်၌ ရပ်တည်၍ မနေနိုင်ပဲရှိနေ၏။ တကယ်စင်စစ်ကား ဖူးဖူးရောင်သော သူကောင်ပုပ်ကို ငါသည် ခင်မင်တွယ်တာနေခြင်းသာဖြစ်သည်ဟု သံဝေဂ ဉာဏ်ဖြင့် ဆင်ခြင်ကာ အိမ်တွင်း၌ရှိသော သင်္ကန်းကိုယူပြီး ရင်ခွင်၌ပိုက်ကာ အိမ်ပေါ်မှ တည်ငြိမ်စွာဆင်း၍ သက်သာခဲ့လေတော့သည်။

## ယောက္ခမကြီးများ ပျာပျာသလဲ ဖြစ်ခြင်း

ဤသို့သင်္ကန်းကိုပိုက်၍အိမ်ထက်မှ ဆင်းသွားသည်ကို အနီးရှိ အိမ်မှ ယောက္ခမ ဖြစ်သူ တွေ့မြင်လျှင် ပျာပျာသလဲ ဖြစ်ပြီး

WWW.DHAMMARANSI.COM



သမီးအိမ်သို့ ကူးသွားကာ သမီးအား ကမန်းကတန်း နှုတ်ဆက်၍ ပြော၏။

"ညည်းလင်တော့ သင်္ကန်းပိုက်ပြီး ဆင်းသွားပြန်ပြီ"

သမီးဖြစ်သူက အေးဆေးစွာပင်။

"မပူပါနဲ့ ပြန်လာမှာပါ"

"မဟုတ်ဘူးအေ့၊ ဒီတခါ ဆင်းသွားတာ သူ့မျက်နှာထား ထူးခြားတယ်အေ့"

"စိတ်ချပါ အမေရယ်၊ သူပြန်လာမှာပါ"

အမေသည် သမီးကို ဆက်မပြောတော့။

"ဟုတ်ပါ့ဘယ်လေ သူပြန်လာနေကျပဲ"

ရဟန္တာ ဖြစ်ခြင်း

ထိုသူသည် သင်္ကန်းကို ပိုက်လျက် အသုဘသညာကို ရှုလျက် သွား၏။ အနုပုဗ္ဗဒုက္ခဟု ခံတွင်းကရွတ်ဆို၍သွားယင်း လမ်းခရီး၌ပင် သောတာပတ္တိဖိုလ်သို့ ရောက်လေ၏။

ကျောင်းသို့ ရောက်လျှင် ရဟန်းတို့ကို ရှိသေမြတ်နိုး ရှိခိုးပြီး ရဟန်းအဖြစ်ကို တောင်းပန်၏။ ရဟန်းတို့က သင်သည်စိတ္တဟတ္ထ ဖြစ်သည်။ စိတ်အလိုလိုက်၍ ရဟန်းဘဝ ကူးလိုက်၊ လူ့ဘဝကူး လိုက်နှင့် အရှက်မရှိဖြစ်သည်။ ရဟန်းပြုမပေးနိုင်ဟုဆိုကြကုန်၏။

အရှင်ဘုရားတို့ ယခုတကြိမ် ရဟန်းပြုပေးတော်မူကြပါဟု လျှောက်ကြားတောင်းပန်၏။ ရဟန်းတို့သည် ထိုယောကျ်ား၏ ကျေးဇူးဥပကာရ များလှသည်၏ အဖြစ်ကြောင့် ရဟန်းပြုပေး ကြပြန်၏။ ထိုစိတ္တဟတ္ထရဟန်းသည် နှစ်ရက် သုံးရက် ဖြင့်ပင် ပဋိသမ္ဘိဒါတို့နှင့်တကွ အရဟတ္တဖိုလ်သို့ ရောက်လေ၏။

WWW.DHAMMARANSI.COM



ရဟန်းတို့က "ငါ့ရှင် စိတ္တဟတ္ထ...သည်တကြိမ် ကြာမြင့်လှချေကလား လူမထွက်တော့ဘူးလား"ဟု မေးကြ၏။

"အရှင်ဘုရားတို့....ကိုယ်လက်နှီးနှော ရောယှက်ခြင်း သံသဂ္ဂရှိသော ကာလမှာ ကုန်လွန်သွားခဲ့ပါသည်။ ယခု တပည့်တော်အား သံသဂ္ဂပြတ်ခဲ့သည်ဖြစ်၍ အိမ်သို့သွားရန် လိုတော့ပါ"ဟု လျှောက်ကြားသည်။

## မြတ်စွာဘုရားထံ လျှောက်ကြားကြခြင်း

ရဟန်းတို့သည် မြတ်စွာဘုရားထံ လျှောက်ကြား ကြ၏။ ဤရဟန်းသည် တပည့်တော်တို့မေးသည့်အခါ အရဟတ္တဖိုလ်ကို ဖြေဆိုပါသည်ဟု လျှောက်ကြ၏။

ဘုရားကိုယ်တော်မြတ်က "ချစ်သားရဟန်းတို့ .... ထိုရဟန်းသည် အမှန်အတိုင်း ဆိုခြင်းဖြစ်ပေ၏။ ငါ၏ သားတော်သည် မိမိ၏ စိတ်ဘွင် တည်တံ့ခြင်း မရှိသေးသော ကာလ သူတော်ကောင်းတရားကို မသိသေးသောကာလ၌သာ အိမ်နှင့်ကျောင်း၊ ကျောင်းနှင့် အိမ်ကို မသွားမလာ လူးလာ ခေါက်ပြန်ခဲ့ပေသည်။ ယခုအခါ၌ကား ကုသိုလ်ကောင်းမှုကို လည်းကောင်း၊ အကုသိုလ် မကောင်းမှုကို လည်းကောင်း ပယ်အပ်လေပြီ" ဟု ဟောတော်မူပြီး။

၃၈။ အနဝဋ္ဌိတ စိတ္တဿ၊
သဒ္ဓမ္မံ အဝိဇာနတော။
ပရိပ္လဝပသာဒဿ၊ ပညာ န ပရိပူရတိ။

၃၉။ အနဝဿုတ စိတ္တဿ၊
အနန္ဝာဟတစေတသော။
ပုညပါပ ပဟီနဿ၊ နတ္ထိ ဇာဂရတော ဘယံ။

WWW.DHAMMARANSI.COM



၃၈။ စိတ်မတည်သော၊သူတော်ကောင်းတရားကိုမသိမမြင်သော ဖောက်ပြန်ပျက်စီးလွယ်သောပုဂ္ဂိုလ်အား ဉာဏ်ပညာသည် မပြည့်စုံ။

၃၉။ ရာဂဖြင့် မစွတ်စိုသော စိတ်ရှိသော၊ ဒေါသကြောင့် ထိခိုက်သောစိတ်မရှိသော၊ကုသိုလ်အကုသိုလ်ကိုပယ်ပြီးအပ်သော နိုးကြားသောပုဂ္ဂိုလ်အား ကိလေသာဘေးရန်သည်မရှိချေ။

ဒေသနာတော်သည် များစွာသော လူအပေါင်းတို့အား အကျိုးရှိသည် ဖြစ်လေ၏။

## ကိလေသာတို့ မည်သည်ကား

တနေ့သ၌ ရဟန်းတို့သည် တရားသဘင်၌ ပြောဆိုကြစဉ် ကိလေသာတို့မှာအလွန်ကြောက်စရာကောင်းလှသည်။ အရဟတ္တဖိုလ်သို့ ရောက်နိုင်သည့်ကုသိုလ်ကံ အဆောက်အဦပြည့်စုံသောသူပင် ကိလေသာတို့ မေ့နှောက်သဖြင့် ခုနစ်ကြိမ်တိုင်တိုင် လူထွက်၍၊ ခုနစ်ကြိမ်တိုင်တိုင် ရဟန်းပြုရသေးသည်ဟု ပြောဆို နိုးနှော ကြ၏။

မြတ်စွာဘုရား သခင်သည် ရဟန်းတို့၏ စကားကို ကြားသိတော်မူ၍ တရားသဘင်သို့ ကြွသွားတော်မူပြီး....

"ချစ်သား ရဟန်းတို့....ယခု ငါဘုရားသခင် ကြွလာတော်မူစဉ် အဘယ်သို့သော စကားဖြင့် ပြောကြား စည်းဝေးကြကုန်သနည်း"ဟု မေးတော်မူ၍ ဤသို့သော အကြောင်းပါဘုရားဟု လျှောက်ကြားကြသည် ရှိသော်....

"ချစ်သား ရဟန်းတို့....ကိလေသာတို့ မည်သည် ဤအတိုင်းပင် အလွန်ဘရာ ကြောက်စရာ ကောင်းပေသည်"

WWW.DHAMMARANSI.COM



"ချစ်သား ရဟန်းတို့....ထို ကိလေသာတို့သည် ကိုင်တွယ်၍ ရနိုင်သော ရုပ်ဝတ္ထုဖြစ်ခဲ့ပါမူ၊ တစုံတခုသော ဝတ္ထုအတွင်းသို့ အကယ်၍ ထည့်သွင်းရလျှင် အနန်းကျယ်စွာသော စကြဝဠာ သောကခေတ်ဘိုက်ကြီးပင်လျှင်အလွန်ကျဉ်းသေးသည်။ အမြင့် အားဖြင့် ဗြဟ္မာပြည်သည် အလွန်နိမ့်သေးသည်ဖြစ်၍ ထိုကိလေ သာတို့ထားရန် နေရာမရှိဖြစ်ခဲ့ပေရာ၏"

ထိုကိလေသာတို့မည်သည်ကား ငါကဲ့သို့သော ယောကျ်ား အာဇာနည်ကိုပင် တုန်လှုပ်ချောက်ချားစေခဲ့၏။ ကျန်သူတို့မှာ အဘယ်ဆိုဖွယ်ရာ ရှိတော့မည်နည်း။ ငါဘုရားသခင် ပင်လျှင် ကွမ်းစားထက်ဝက် လေးလုံးတခွက်မျှသောက်ရှိသော ပြောင်း မျိုးစေ့ကိုလည်းကောင်း၊ ပေါက်ပွတ်စေး တုံးတိုကိုလည်းကောင်း အကြောင်းပြု၍ ခြောက်ကြိမ်တိုင်တိုင် လူထွက်ဖူးပြီဟု မိန့်တော် မူ၏။ ရဟန်းတို့က လျှောက်ကြား၍ အတိတ်ဇာတ်ကို ဟော တော်မူ၏။

WWW.DHAMMARANSI.COM

# ကုဒါလပဏ္ဍိတ အတိတ်ဇာတ်ဝတ္ထု

ချစ်သားရဟန်းတို့....ရှေးလွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ကုဒါလပဏ္ဍိတအမည်ရှိသော သူသည် သာသနာတော် အပြင်ဘက်မှ ရသေ့ရဟန်းအဖြစ် ပြု၍ ရှစ်လပတ်လုံး ဟိမဝန္တာ၌ ရသေ့ ရဟန်းအဖြစ်နေပြီး မိုးရွာ၍ မြေကြီး စိုစွတ်သည်ကို မြင်သည့် အခါ စိတ်၌ ကွမ်းစားထက်ဝက် တခွက်မျှရှိသော ပြောင်းမျိုးစေ့ကိုလည်းကောင်း၊ ပေါက်တူးတုံးကို လည်းကောင်း သတိရပြီး ပြောင်းမျိုးစေ့ အလဟဿဖြစ်မည်စိုးပြီး လူထွက်၍ အိမ်သို့ ပြန်ပြီး ပေါက်တူးတုံးဖြင့် ပြောင်းမျိုးစေ့ကိုစိုက်ကာ မှည့်ရင့်သောအခါလ၌ နုတ်၍ တကွမ်းစားမျှသော မျိုးစေ့ကို အိမ်၌ထားပြီး ကျန်ပြောင်းများကို စားသောက်၏။

ထိုနောက်တဖန် ရဟန်းပြုပြီး ရှစ်လပတ်လုံး တောထွက်ပြန်၏။ ဤသို့လျှင် ကွမ်းစားထက်ဝက် တခွက် မျှလောက်သော ပြောင်းမျိုးစေ့နှင့် ပေါက်တူးတုံးကို အကြောင်းပြုပြီး ခုနစ်ကြိမ်တိုင်တိုင် လူထွက်ခဲ့၍ ခုနစ်ကြိမ်မြောက် ရသေ့ရဟန်းပြုပြီးနောက် ဆင်ခြင်မိသည်မှာ....

"ငါသည် ဤပြောင်းမျိုးစေ့နှင့် ပေါက်တူးကို ခင်တွယ်၍ လူဖြစ်လိုက် ရဟန်းဖြစ်လိုက်နှင့် မတည်မငြိမ်ဖြစ်နေရသည်။ ဤပေါက်တူးကိုစွန့်ပစ်မှ ငါ့မှာ တွယ်တာမှု ကင်းတော့မည်" ဟု ဆင်ခြင်မိသည့်အလျောက် ကုဒါလပဏ္ဍိတသည် ဂင်္ဂါမြစ်နားသို့သွား၍ ပြောင်းမျိုးစေ့ကို ပုဆိုးစုတ်ဖြင့်ထုပ်ကာ ပေါက်တူး

WWW.DHAMMARANSI.COM




နငွ့ဋ္ဌအကြံမိ

WWW.DHAMMARANSI.COM



ရှိး၌ ချည်ပြီးနေသက် "ငါလွှတ်ပစ်လိုက်၍ ကျရာ အရပ်ကို မြင်လျှင် သံယောဇဉ်တွယ်ပြီး ဆင်း၍ ကောက်မိ ပေဦးမည်" ဟု မျက်စိကို တအားမှိတ်၍ ပေါက်တူးရိုးကို လွှင့်ရမ်းပြီး ဂင်္ဂါမြစ် အလယ်သို့ ရောက်အောင် တအားလွှဲ၍ ပစ်လိုက်တော့၏။

ငါအောင်ပြီ၊ ငါအောင်ပြီ

မျက်စိကိုဖွင့်၍ ကြည့်လိုက်လျှင် ပေါက်တူးကျရာ အရပ်ကို မမြင်ရသောကြောင့်—

"ဇိတံမေ၊ ဇိတံမေ"

"ငါအောင်ပြီ၊ ငါအောင်ပြီ"

ဟု သုံးကြိမ်တိုင်တိုင် အော်ဟစ် ကြွေးကြော်လိုက်၏။

ထိုအခိုက်၌ ဗာရာဏသီမင်းကြီးသည် တောရွာများ၌ ထကြွသောင်းကျန်းသည်ကို နှိမ်နင်းအောင်မြင်ပြီး ပြန်လာခဲ့၍ ဂင်္ဂါမြစ်ကမ်း၌ သစ်ခက်တဲနန်းကို ဆောက်လုပ် စံနေတော်မူ၍ ဂင်္ဂါမြစ်သို့ ရေချိုးရန် ဆင်းခိုက်တွင် ကုဒ္ဒါလပဏ္ဍိတ၏ အသံကို ကြားရသဖြင့် မင်းကြီးသည် သည်းမခံနိုင်ပဲ....

"ငါသည် ယခု ရန်သူကို နှိမ်နင်း အောင်မြင်ခဲ့သည်ဟု စိတ်ထဲ၌ စွဲနေခဲ့သည်၊ အသင်က ငါအောင်ပြီဟု ကြွေးကြော် ဟစ်အော်သည်မှာ ဘာကိုအောင်မြင်တာလဲ" ဟု မေး၏။

ကုဒ္ဒါလပဏ္ဍိတက-

"အရှင်မင်းကြီး....အရှင်မင်းကြီးသည် မိမိကိုယ်၏ အပြင်မှဖြစ်သော ရန်သူတို့ကို အောင်ပေ၏။ အသင်မင်းကြီးသည် ယခု အောင်မြင်ခြင်းမှာ အမှန် အောင်မြင်ခြင်း မဟုတ်ပါ၊ ငါသည်ကား အတွင်းက ကိုယ်တွင်း၌ဖြစ်သော ရန်သူကို အောင်အပ်ပေ၏၊ ထို ငါ့ကိုယ်တွင်းမှ ရန်သူသည် ငါ့ကို တဖန်ပြန်၍ အောင်

WWW.DHAMMARANSI.COM



နိုင်ခြင်းငှါမစွမ်းနိုင်၊ မိမိကိုတဖန်ပြန်၍မအောင်နိုင်သော အောင်ခြင်းသည်သာလျှင် အလွန်အကြူး ကောင်းမြတ်လှ ပေ၏” ဟု ဆိုပြီး....

နတံ ဇိတံ သာဓု ဇိတံ၊
ယံ ဇိတံ အဝဇီယတိ။
တံ ခေါ ဇိတံ သာဓုဇိတံ၊
ယံ ဇိတံ နာဝဇီယတိ။

ဟူသော ဂါထာကို ရွတ်လေ၏။

မင်းကြီး....အကြင်အောင်ခြင်းကို သူတပါးတို့က တဖန်ပြန်၍ အောင်အပ်၏။ ထိုအောင်ခြင်းသည် ကောင်းသော အောင်ခြင်းမဟုတ်၊ အကြင်အောင်ခြင်းသည် နောက်ထပ် တဖန်ပြန်၍ အောင်ခြင်းမရှိ၊ စင်စစ် ထိုအောင်ခြင်းသည်သာ ကောင်းသော အောင်ခြင်း မည်ပေ၏။

ကုဒါလပဏ္ဍိတသည် ထိုခဏ၌ပင်လျှင် ဂင်္ဂါမြစ်ကို ကြည့်ရှုလျက် အာပေါကသိုဏ်းကိုဖြစ်စေ၍ ဈာန်တရားအထူးကိုရရှိပြီး ကောင်းကင်၌ ထက်ဝယ်ဖွဲ့ခွေနေလေ၏။

## ခုနစ်ပြည်ထောင်မင်းများ တောထွက်ခြင်း

ဗာရာဏသီမင်းသည် ဘုရားလောင်း၏ စကားကို ကြားနာရ၍ ရဟန်းအဖြစ်ကို တောင်းပန်၏။

ဗာရာဏသီမင်းနှင့် အခြံအရံများ ရသေ့ရဟန်း ပြုကြသည် ကြားသော အနီးအပါးမှမင်းတို့ ဗာရာဏသီကို တိုက်ခိုက်ရန် လာကြ၏။ ဘုရားလောင်း ရသေ့ထံရောက်လျှင် တရားနာကြားရပြီး ရဟန်းပြုကြသည်မှာ ခုနစ်ပြည်ထောင်ရှိ၏။ ဘုရားလောင်း သေလွန်သော် ဗြဟ္မာ့ပြည်သို့ ရောက်လေ၏။

WWW.DHAMMARANSI.COM



မြတ်စွာဘုရားသခင်သည် ဤသို့ ဓမ္မဒေသနာတော်ကို ဟော တော်မူပြီးနောက်–

“ချစ်သားရဟန်းတို့....ငါဘုရားသည် ထိုအခါ၌ ကုဒါလ ပဏ္ဍိတ ဖြစ်ဖူးပြီ၊ ချစ်သားရဟန်းတို့....ထိုကိလေသာတို့မည်သည် ကား ဤသို့သော အကြောင်းအရာဖြင့် အလွန်တရာ ကြောက် စရာ ကောင်းလှပေသည်” ဟူ၍ ဟောတော်မူလေ၏။

(ဓမ္မပဒ စိတ္တဝဂ် ငါးခုမြောက် စိတ္တဟတ္ထမထေရ်ဝတ္ထု ပြီး၏။)



စတုတ္ထအကြိမ်

WWW.DHAMMARANSI.COM




စတုတ္ထအကြိမ်

WWW.DHAMMARANSI.COM

# ၆။ ကိုယ့်ကိုယ်တွင်းမှာ ချမ်းသာရှာ

## (သောရေယျ သဋ္ဌေးသား ဝတ္ထု)

လူ နတ် နိဗ္ဗာန် သုံးတန်သော ချမ်းသာမျိုးကို
အမိသည်လည်း မပေးနိုင်
အဘသည်လည်း မပေးနိုင်
ဆွေမျိုးတို့သည်လည်း မပေးနိုင်။
မိမိ၏ ကောင်းစွာ ဆောက်တည်အပ်သော
စိတ်သည်သာလျှင်
ချမ်းသာအစစ်ကို ပေးနိုင်၏။

ဤဓမ္မဒေသနာ ဂါထာတော်ကို သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူလျက် သောရေယျသဋ္ဌေးသားကို အကြောင်းပြု၍ ဟောကြားတော်မူ၏။

### ဝတ္ထုကြောင်းကား ဤသို့တည်း

မြတ်စွာဘုရားသခင် သာဝတ္ထိပြည်၌ သီတင်းသုံးတော်မူစဉ် သောရေယျမြို့၌ သောရေယျ သဋ္ဌေးသားသည် သူငယ်ချင်းနှင့် အဘူ လှည်းယာဉ်ကိုစီးလျက် များစွာသော အခြံအရံတို့နှင့် တကွ ရေချိုးကြရန် မြို့မှထွက်လာ၏။

### အရှင်မဟာကစ္စည်း မထေရ်ကို ပြစ်မှားခြင်း

အရှင်မဟာ ကစ္စည်း မထေရ်မြတ်သည် မွေးဖွားသည့်ဇာပင်ဇာသည်ဘုရားရှင်၏ ရွှေစေတီသို့ ရွှေအုပ်ချပ်လှူစဉ်က ဆုတောင်းခဲ့သော ပတ္တနာကြောင့် မွေးစဉ် ကာလမှစ၍ တကိုယ်လုံးသည် ရွှေအဆင်းကဲ့သို့ ဝါဝင်းတင့်တယ်လှပေ၏။

WWW.DHAMMARANSI.COM



အရှင်မဟာကစ္စည်းသည် သောရေယျမြို့တွင်းသို့ ဆွမ်းခံဝင်ရန်အတွက် ထိုမြစ်ဆိပ်၌ ရေသုံးသပ်တော်မူ၏။

သောရေယျ သဌေးသား သည်လည်း ရေချိုး ဆင်းရာမှ အရှင်မဟာကစ္စည်း ရေချိုးသုံးသပ်တော်မူသည်ကို မြင်လျှင်.... မထေရ်မြတ်၏ ရွှေအဆင်းကဲ့သို့ ကိုယ်ကို ကြည့်၍....

"ဤမထေရ်သည် ငါ၏ မယား ဖြစ်လျှင် ကောင်းလေစွ၊ ငါ့မယား၏ ကိုယ်အဆင်းသည် ဤမထေရ်၏ ကိုယ်အဆင်းကဲ့သို့ ဝင်းဝါအိညက်နေလျှင် ကောင်းလေစွ"ဟု မထေရ်မြတ်အပေါ် စိတ်တွင်းမှ ပြစ်မှားလိုက်၏။

## မိန်းမဘဝ သောရေယျ

အရှင်မဟာကစ္စည်းကို စိတ်တွင်းမှ ပြစ်မှားလိုက်သောခဏ၌ပင် သောရေယျသဌေးသား၏ တကိုယ်လုံး ယားယံ၍လာ၏။

ရင်တို့ယည် ယားယံယင်းက ဖူးရောင်၍လာ၏။ မုတ်ဆိတ်ရိတ်မှ မိုမောက်၍လာ၏။ ရင်မှာနှစ်စုံတို့သည် အထင်အရှား ပေါ်ပေါက်၍ လာ၏။ ပုရိသလိင်သည် ကွယ်ပျောက်၍ ဣတ္ထိယလိင်သည်အထင်အရှား ပေါ်ပေါက်၍ လာ၏။

ထိုသဌေးသားသည် မိမိ၏ချက်ချင်း ပြောင်းလဲသွားသည့် အဖြစ်ကို လည်းကောင်း၊ မထေရ်အပေါ် ပြစ်မှားမိ၍ ဖြစ်ရကြောင်းကို လည်းကောင်း အဖော်တို့အား ပြောပြရမှာ ရှက်သဖြင့် ချုံကွယ်မှပင် အဖော်တို့ မမြင်အောင် တိမ်းရှောင်၍ သွားလေ၏။

သောရေယျ သဌေးသားသည် ဇနီးနှင့် သားနှစ်ယောက် ရှိသည်။ အိမ်သို့ပြန်လျှင် မိမိ၏ မိန်းမအဖြစ်သို့ ရောက်ရသောဘဝကို သိရှိကြတော့မည်။ သောရေယျ တမြို့လုံး အုတ်အုတ်

ကျက်ကျက် ဖြစ်ကြလျှင် အလွန်ရှက်ဖွယ် ဖြစ်တော့မည်။ ထို့ကြောင့် မိမိသည် သောရေယျမြို့မှ မိမိကိုမသိသော ဝေးလံသည့် တနေရာတွင် သွားရောက်၍ ဇာတ်မြှုပ်ကာ နေထိုင်မှ သင့်လျော်မည်ဟု ကြံစည်စိတ်ကူးမိ၏။

## တက္ကသိုလ်ပြည်သို့ ပြေးခြင်း

သောရေယျသည် မိန်းမအသွင်အပြင်သာမက မိန်းမစိတ်ပါ ဝင်နေသဖြင့် တနေရာ၌ မိန်းမတို့၏ အဝတ်တန်ဆာတို့ကို မိမိတွင်ပါလာသောငွေစွည်းဖြင့် ဝယ်ယူ၍ မိန်းမအသွင်ကို ဆင်ယင်လိုက်၏။

ထို့နောက် တက္ကသိုလ်ပြည်သို့ သွားရာ လမ်းခရီး အတိုင်း ထွက်ခွာသွားခဲ့၏။ ထိုမိန်းမကို မြင်သဖြင့် သောရေယျသဌေးသားဟု မည်သူမျှ မထင်ကြ။

အဖော်သူငယ်ချင်းတို့နှင့် အခြွေအရံတို့သည် သောရေယျသဌေးသား ပျောက်သဖြင့် ဟိုမှသည်မှ အနှံ့အပြား လိုက်ရှာကြ၏။ ရက်ပေါင်းများစွာ ရှာဖွေ၍ မတွေ့သည့်အဆုံး မိဘတို့သည် ငိုကြွေးမြည်တမ်းကြလျက် ရေနစ်၍ သေလေပြီဟု တထစ်ချ ယူဆပြီး ပုံစံအရ သေသောသူတို့အတွက် ပြုအပ်သော အလှူတို့ကို ပြုလုပ်လေ၏။

## သဌေးမယား သောရေယျ

သောရေယျသည် တက္ကသိုလ်ပြည်သို့သွားသော လမ်းအတိုင်း ခြေလျင်သွား၏။ ထိုမိန်းမ၏ရှေ့မှ သွားသော ကုန်သည်လှည်း တစီးက သင်သည် အဘယ်ကြောင့် နောက်မှာကောက်ကောက် လိုက်နေသနည်းဟု မေး၏။

WWW.DHAMMARANSI.COM



ထိုမိန်းမက ငါ့ခရီးကိုငါသွားသည် မေးစရာမလိုဟု ဆို၏။ ခရီးအတန်ပေါက်သော် သောရေယျ၏ ခြေတို့သည် ကွဲအက်၍ သွေးချင်းချင်းနီဘော့၏။ ဆက်လက်၍သမ်းမလျှောက်နိုင်သော အခါမှ လှည်းကုန်သည်အား မိမိတွင်ပါသည့် လက်စွပ်ကို ပေး၍ လှည်းပေါ်သို့လိုက်ပါရစေဟု တောင်းပန်ပြီး တက်စီး၏။

လှည်းကုန်သည်တို့သည် တက္ကသိုလ်ပြည်သို့ မရောက်မီပင် စဉ်းစားကြ၏။ ဤမိန်းမသည် အသွင်အပြင် လှပ တင့်တယ်၏။ နူးညံ့သိမ်မွေ့၏။ တည်ကြည်သောစိတ်လည်းရှိ၏။ ဆင်းရဲသား ထဲက မဟုတ်တန်ရာ၊ ငါတို့၏ သဌေးသားတွင်လည်း မိန်းမ မရှိ သေး။ ဤမိန်းမကို သဌေးသားအား ပြသလျှင် သဌေးသား ကြိုက်နှစ်သက်၍ သိမ်းပိုက်ပါက ငါတို့လည်း လက်ဆောင် ကောင်းတခု ပေးရရောက်မည်ဟု လှည်းကုန်သည်အချင်းချင်း တိုင်ပင်ကြ၏။

တက္ကသိုလ်ပြည်သို့ ရောက်၍ သဌေးသားအား အကျိုး အကြောင်း ပြောပြကြလျှင် သဌေးသားသည် ထိုမိန်းမကို မြင် လျှင်မြင်ချင်း ချစ်ခင်နှစ်သက်၍ သိမ်းပိုက်၏။

သောရေယျ မိန်းမသားသည် သဌေးချွေးမ၏ အဖြစ်ဖြင့် တက္ကသိုလ်ပြည်သား သဌေးသားနှင့် ကလေးနှစ်ယောက် မွေး ဖွားခဲ့၏။ သဌေးသားက မြတ်နိုးလှ၍ စိတ်လက်အေးချမ်းစွာ သဌေးစည်းစိမ်ဖြင့်နေရ၏။

## သူငယ်ချင်းနှင့်တွေ့ခြင်း

ထိုသောရေယျသဌေးမသည် သားနှစ်ယောက်ရပြီး မိန်းမ ဘဝဖြင့်ပင် စိတ်အေးချမ်းသာစွာနေစဉ် သောရေယျမြို့မှလာ

WWW.DHAMMARANSI.COM



ကြဲသော လှည်းကုန်သည်တို့ကို အိမ်တံခါးဝမှကြည့်ရှုရာမှ မိမိနှင့် လှည်းယာဉ်အတူစီး၍ ရေချိုးဆင်းခဲ့သော သူငယ်ချင်းကို တွေ့ရလေ၏။

အားရဝမ်းသာပင် မိမိ၏အစေအပါးတို့အား သောရေယျမြို့သားကို အိမ်ပေါ်သို့ ခေါ်စေပြီး မွန်မြတ်သော စားဖွယ်သောက်ဖွယ်တို့ဖြင့် ညှော်ခံကျွေးမွေး၏။ တရင်းတနှီး လောကွတ်ပျူငှ ဖြင့် ပြောဆိုကျွေးမွေး၏။

သောရေယျမြို့သားသည် အံ့သြလျက်ရှိနေ၏။ ဤသဌေးမသည် မမြင်ဘူး မသိဘူးပါပဲလျက် ဤမျှတရင်းတနှီး အဘယ့်ကြောင့်ပြုစုကျွေးမွေးလေသနည်းဟု စဉ်းစားနေ၏။ မနေနိုင်သောအဆုံးတွင် ဖွင့်၍မေးတော့၏။

နောက်ကြောင်းဇာတ်ကို ပြန်ပြောခြင်း

"သဌေးမ.... ကျွန်တော်တို့ကို တရင်းတနှီးပြုစုကျွေးမွေးနေတာ အယင်တုန်းက သိဖူးကျွမ်းဖူးလို့လား၊ ဘယ်လိုအကြောင်းထူးများရှိလို့ပါလဲ"

"ရှင် ကျွန်မကို မမှတ်မိတော့ဘူးလား"

"အမှန်ဝန်ခံရမယ်ဆိုယင် မမှတ်မိပါဘူး"

"ရှင်တို့ သောရေယျမြို့မှာ နေသော်ဌ သဌေးကြီး ရှိတယ်မဟုတ်လား"

"ရှိပါတယ်၊ ရှိပါတယ်"

"အဲဒီသဌေးကြီးရဲ့သား သောရေယျ ဘယ်ရောက်နေပါသလဲ"

"သေတာကြာပါပြီ၊ ရေနစ်လို့သေတာ အလောင်းတောင်ရှာမရဘူး"

WWW.DHAMMARANSI.COM



ထိုမိန်းမသည် ကျလာသောမျက်ရည်များကို သုတ်ယင်းက -

"ရှင်နဲ့အတူတူ လှည်းယာဉ်စီးပြီး ရေချိုးဆင်းကြတာ မှတ်မိရဲ့လား"

"ဟုတ်ပါတယ်၊ ဟုတ်ပါတယ်၊ အဲဒါ ခင်ဗျားဘယ်လို သိသလဲ"

"ကျွန်မဟာ ..."

ထိုမိန်းမသည် ငိုရှိုက်လိုက်၏၊ သောရေယျမြို့သားနှင့် အဖော်တို့သည် မျက်စိအကြောင်သားနှင့် အံ့သြ၍ကြည့်နေကြ၏။

ထိုမိန်းမသည် အားရအောင်ငိုပြီး အားယူ၍ ပြောရသော အသံဖြင့်....

"သောရေယျ.... ရှင့်သူငယ်ချင်း မသေပါဘူး၊ ရှင့်သူငယ်ချင်း သောရေယျဟာ ရေချိုးဆင်းယင်းက အရှင်မဟာကစ္စည်းမထေရ် ရေချိုးဆင်းခိုက်နဲ့ ကြုံကြိုက်ပြီး အရှင်မဟာကစ္စည်းမထေရ်ရဲ့ရွှေရောင်လို ဝါဝင်းနူးညံ့တဲ့ အသားအရေကို ကြည့်ပြီး ငါ့မိန်းမသာဖြစ်ယင် သိပ်ကောင်းမှာပဲလို့ စိတ်ထဲက ဖြစ်မှားလိုက်ဘာနဲ့ ဟကိုယ်လုံးယားယံပြီး ယောကျာ်းအသွင် ပျောက်လို့ မိန်းမအဖြစ် ရောက်သွားပါတယ်"

ထိုမိန်းမသည် ဆက်၍ငိုလိုက်ပြန်၏၊ ငိုပြီးမှ တဖန်-

"အဲဒီလို မိန်းမအဖြစ်ရောက်သွားတာနဲ့ ရှက်လွန်းလို့ သောရေယျမြို့မှာမနေဝံ့တော့ပဲ မိန်းမအသွင်ဝတ်ဆင်ကာ တက္ကသိုလ်ပြည်ကို လှည်းကုံနဲ့ လိုက်လာပြီးတော့ ဒီ တက္ကသိုလ်ပြည်မှာပဲ သဌေးသားနဲ့ အိမ်ထောင်ကျလို့ သားနှစ်ယောက် တောင်ရခဲ့ပါပြီ"

WWW.DHAMMARANSI.COM



သောရေယျမြို့သားတို့သည် အံ့အားကြီးသင့်နေကြပြီးမှ....

"ဒါဖြင့် ခင်ဗျားဟာ.... ခင်ဗျားဟာ...."

"ဟုတ်ပါတယ်၊ ကျွန်မဟာရှင့်သူငယ်ချင်း သောရေယျပါ၊ သေသေချာချာကြည့်စမ်းပါ"

သောရေယျမြို့သား သူငယ်ချင်းသည် သေသေချာချာ ကြည့်ကာမှသူငယ်ချင်း၏ ငယ်ရုပ်အသွင်ထင်လာပြီးနှစ်ယောက်သား ဖက်၍ ငိုကြလေတော့၏။

## ရှင်မဟာကစ္စည်းထံ တောင်းပန်ဝန်ချခြင်း

သူငယ်ချင်းနှစ်ယောက် အားရအောင်ငိုကြပြီး သောရေယျပြည်မှ လာသူက....

"နေပါဦး၊အရှင်မဟာကစ္စည်းကိုပြစ်မှားမိတာ တောင်းပန်ဝန်ချ ကန်တော့သေးရဲ့လား"

"မကန်တော့ရသေးပါ"

"ယခု အရှင်မဟာကစ္စည်း ဒီမြို့မှာသီတင်းသုံးနေတယ်"

"ဒီလိုဆိုယင် အရှင်မဟာကစ္စည်း မြို့တွင်းကိုဆွမ်းခံကြွလာယင် အိမ်မှာပင့်ပြီး ဆွမ်းခဲဖွယ်ဘောဇဉ်တို့ ဆက်ကပ်လှူဒါန်းလိုပါတယ်"

"ဒီလိုဆိုယင် လှူဒါန်းစရာဘောဇဉ်ကိုသာ ပြင်ဆင်ပါတော့၊ ငါမထေရ်မြတ်ကို ပင့်ပါ့မယ်" ဟု ပြောဆိုပြီး အရှင်မဟာကစ္စည်းမထေရ်ထံသွားရောက်ပြီး ရှိသေလေးမြတ်စွာ ရှိခိုးကာနက်ဖြန် ဆွမ်းအလှူခံရန် ပင့်လျှောက်၏။

မထေရ်မြတ်က သင်-အာဂန္တု မဟုတ်လောဟု မေးလျှင် တပည့်တော် အာဂန္တုခရီးသွား ဧည့်သည်အဖြစ်ကိုမမေးမြန်းပါ

WWW.DHAMMARANSI.COM



နှင့်ဘုရား၊ နက်ဖြန်တပည့်တော်၏ဆွမ်းကို အလှူခံပါဟုလျှောက်၏။ မထေရ်သည် ဆိတ်ဆိတ်သည်းခံတော်မူ၏။

## ယောကျ်ားဘဝ သောရေယျ

နောက်တနေ့နံနက်တွင် မထေရ်သည် ပင့်လျှောက်သောအိမ်သို့ကြွလာ၏။

ညီ့သည်ခရီးသွားသည် မထေရ်မြတ်အား အိမ်တွင်းသို့ပင့်ဆောင်ပြီး မွန်မြတ်သော အာဟာရဖြင့် ဆက်ကပ်လုပ်ကျွေးပြီး သောရေယျပြည်မှ ထိုသဌေးမကို ခေါ်ယူ၍ မထေရ်မြတ်၏ ခြေတော်ရင်း၌ ဝပ်စင်းရှိခိုးနေစေပြီး သော်....

"အရှင်ဘုရား၊ တပည့်တော်၏ မိတ်ဆွေအားသည်းခံတော်မူပါ" ဟု လျှောက်ကြား၏။

"ဘယ်အတွက် သည်းခံရမည်နည်း" ဟု မေး၏။

"အရှင်ဘုရား၊ ဤဒါယိကာမသည် ရှေးက တပည့်တော်၏ သူငယ်ချင်းဖြစ်ပါသည်။ အရှင်ဘုရားအပေါ်တွင် ဤသို့သော အကြောင်းကို ဤသို့သောစိတ်ဖြင့် ပြစ်မှားမိရာမှ ယောကျ်ား စင်စစ်မှမိန်းမဘဝ ရောက်သွားပါသည်။ ဤအကြောင်းကြောင့် အရှင်ဘုရားသည်းခံတော်မူပါ" ဟု လျှောက်ထား၏။

"ဤသို့ဆိုလျှင် ထလေလော့၊ အသင့်အား ငါသည်းခံ၏" ဟု မိန့်တော်မူ၏။

ဤသို့ သည်းခံ၏ဟုမိန့်တော်မူသည့်အချိန်တွင်ကာတ္တိလိင်သည် ကွယ်ပျောက်၍ ပုရိသလိင် ထင်ရှားပေါ်ပေါက်လာပြီး မိန်းမဘဝမှ ယောကျ်ားအဖြစ်သို့ ပြန်လည် ရရှိလေတော့သတည်း။

WWW.DHAMMARANSI.COM


## ရှင်းလင်းချက်

ယောကျ်ားကမိန်းမဖြစ်ခြင်း၊ မိန်းမဘဝက ယောကျ်ားဖြစ်ခြင်းအဖြစ်တို့သည် ဖြစ်ခဲ့ဖူးသော အကြောင်းများပင်ဖြစ်၏။

ယောကျ်ားတို့သည် သူတပါး၏ မယားတို့၌ ကျူးလွန်မိ၍သေလျှင် အနှစ်တသိန်းတို့ပတ်လုံး ငရဲပြည်မှာခံရပြီး၊ ထိုငရဲမှလွတ်၍ လူအဖြစ်သို့ရောက်လျှင် ဘဝတရာပတ်လုံး မိန်းမအဖြစ်သို့ ရောက်ရ၏။

ကမ္ဘာတသိန်းဖြည့်ကျင့်ဆည်းပူးအပ်သောပါရမီရှင်အရိယာသာဝက အရှင်အာနန္ဒာ မထေရ်မြတ်သည်ပင် တခုတည်းသောဘဝဝယ် ပန်းထိမ်သည်အဖြစ်၌ သူတပါးသားမယားကို ကျူးလွန်မိ၍ ငရဲ၌ခံပြီး တဆယ့်လေးဘဝတို့၌ မိန်းမဘဝဖြစ်ရ၏။ ခုနစ်ဘဝတွင် အစေ့ ထုတ်ခံရ၏။ (သင်းခံရသည်) အဖြစ်ရောက်၏။

မိန်းမတို့သည် ကောင်းမှုတို့ကိုပြု၍ မိန်းမ၏အဖြစ်ကိုနှစ်သက်ခြင်းကို ကင်းစေပြီး၍ ကောင်းမှုအတွက် ယောကျ်ား အဖြစ်ကိုရပါစေသတည်း ဟု စိတ်ကို ဆောက်တည်၍ သေလွန်ခဲ့သော် ယောကျ်ားအဖြစ်ကို ရနိုင်ကြ၏။

မိမိ၏ ခင်ပွန်း လင်ယောကျ်ား၌ အိမ်ဦးနတ်ကဲ့သို့ ရိုသေစွာလုပ်ကျွေး ခြင်းကြောင့်လည်း ယောကျ်ား အဖြစ်ကို ရကြ၏။ (ပါဠိဘောဂ်ကို အဋ္ဌကထာမှာ ရှုတော် မူကြပါကုန်)။

### လင်နှင့် သားနှစ်ယောက်ကို ခွဲခွာခြင်း

သောခေယျ သဌေးသားသည် ယောကျ်ားဘဝကို ပြန်၍ရကြောင်းကို သိလေလျှင် တက္ကသိုလ်ပြည်သား လင်ဟောင်းသဌေးသားက ဤသားနှစ်ယောက်သည် သင့်အတွက် ရခဲ့ခြင်း

WWW.DHAMMARANSI.COM



ဖြစ်သည်။ သားနှစ်ယောက်နှင့် မခွဲစကောင်းပါ၊ သားနှစ်ယောက်နှင့်အတူ သင်နှင့်ငါ သူငယ်ချင်းအဖြစ် ဤအိမ်မှာပင် နေပါဟု တောင်းပန်၏။

ထိုအခါ သောရေယျသဌေးသားက....

"အဆွေ၊ ငါသည်ရှေးဦးစွာ ယောကျ်ားဘဝဖြစ်၍ တဖန် မိန်းမအဖြစ်ကို ရောက်ပြန်၏။ ယခုတဖန် မိန်းမအဖြစ်မှ ယောကျ်ားဖြစ်ရပြန်သည်။ အလွန်အကြူး အထူးဖောက်ပြန်ခဲ့၏။ ငါသည် ယောကျ်ားဘဝ၌ သားနှစ်ယောက်ရခဲ့၏။ ယခု ငါ၏ဝမ်းမှ သားနှစ်ယောက်ကို ဖွားရပြန်၏။ ငါသည် ခန္ဓာကိုယ် တခုတည်းမှာ အကြိမ်ကြိမ် ဖောက်ပြန်ခြင်းသို့ ရောက်၍ အိမ်၌နေခြင်း ကိုမပြုလိုပါပြီ။ ဤသားနှစ်ယောက်ကို အသင်ပင် စောင့်ရှောက်ပါလေလော့။ ငါသည် အရှင်မဟာကစ္စည်း ထံ၌ တောင်းပန်၍ ရဟန်းပြုတော့မည်" ဟု ပြောဆိုပြီး သားနှစ်ယောက်ကို ရင်ခွင်တွင်း၌ သုံး၍ အိပ်စေပြီးလျှင်ဖက်ရမ်းနမ်းရှုံ၍ သဌေးသားထံ ပြန်လည်အပ်နှံခဲ့ပြီး ထွက်ခွာ၍ လာခဲ့၏။

## ရဟန်းဘဝ သောရေယျ

အရှင်မဟာကစ္စည်း မထေရ်မြတ်ထံသွားရောက်၍ ရဟန်းအဖြစ်တောင်းပန်ပြီး ရဟန်းအဖြစ်ရ၍ ရှင်မဟာကစ္စည်း ဒေသစာရီ လှည့်လည်သည့် အစဉ်အတိုင်းအားဖြင့် သာဝတ္ထိပြည်သို့ ရောက်ခဲ့၏။

ထိုရဟန်းသည် သောရေယျမထေရ်ဟူသောအမည်တွင်လေသည်။

ဤသို့သောခန္ဓာကိုယ် တခုတည်းမှ ယောကျ်ားဘဝ၊ မိန်းမဘဝကူးပြောင်းသောသတင်းသည် အနယ်နယ်အရပ်ရပ်၌ကျော်

WWW.DHAMMARANSI.COM



ကြ၏။ လူအပေါင်းတို့သည် သောရေယျမထေရ်ထံချဉ်းကပ်၍ မေးမြန်းလျှောက်ထားကြ၏။ "မှန်ပေ၏"ဟု ဖြေဆိုနေရသည်မှာ အထပ်ထပ်ပင်ဖြစ်၏။

သာဝတ္ထိပြည် ဇေတဝန်ကျောင်းသို့ ရောက်သော် ရဟန်းတို့က မေးကြပြန်၏။ "ယောကျ်ားဘဝ၌ရသော သားနှစ်ယောက်နှင့် မိန်းမဘဝ၌ရသောသားနှစ်ယောက်တွင် ဘယ်သားကို ပို၍ချစ်သနည်း" ဟု ရဟန်းတို့က မေးမြန်းကြ၏။

ထိုအခါ သောရေယျမထေရ်က "မိမိဝမ်း၌ လွယ်၍မွေးရသောသားကိုကို ပိုချစ်ပါသည်"ဟု ဖြေ၏။

ဤသို့ပင် လာတိုင်းလာတိုင်းသော သူတို့သည် အမြဲမပြတ် ထိုအကြောင်းကိုသာ မေးကြ၏။ ဖြေရပါများလာသောအခါ တဖြည်းဖြည်းရှက်၍ပင်လာမိတော့၏။ ထို့ကြောင့်လည်း တပါးတည်းပင် လူသူကင်းဝေးရာ၌နေလိုစိတ်တို့ ဖြစ်ပေါ်လာ၏။

## ရဟန္တာဘဝ သောရေယျ

သောရေယျမထေရ်သည်ပရိသတ်ကို ရှောင်ရှားလျက်တပါးတည်းနေယင်းက မိမိခန္ဓာကိုယ်၌ ခယဝယ ကမ္မဋ္ဌာန်းကိုသာ စီးဖြန်း၍သာနေ၏။

ဤသို့စီးဖြန်းယင်းကပင်ပဋိသမ္ဘိဒါတို့နှင့်တကွ အရဟတ္တဖိုလ်သို့ရောက်ကာ ရဟန္တာဖြစ်လေတော့၏။

ထို့နောက်တွင် တွေ့မြင်သမျှသူတို့က ထူးဆန်းသော ဘဝအကြောင်းကိုမေးကြလျှင် "ဟုတ်ပါ၏"ဟုဝန်ခံ၏။

"သားတို့အနက်အဘယ်သားတို့ကို ပိုချစ်သနည်း"ဟု မေးကြလျှင် (ငါ့အား တစုံတခုသော ဝတ္ထုအာရုံ၌ ခိုမင်နှစ်သက်စုံမက်ချစ်ခင်ခြင်းမရှိပြီ)ဟု ပြောဆိုလိုက်၏။

WWW.DHAMMARANSI.COM

## မြတ်စွာဘုရားထံ လျှောက်ထားကြခြင်း

ထိုအခါ ရဟန်းတို့က သောရေယျမထေရ်သည် မဟုတ်မမှန် သောစကားကို ပြောကြားပါသည်၊ ယခင်က ဝမ်းတွင်း၌လွယ် ထားရသောသားတို့ကို ပို၍ချစ်ပါသည်ဟု ပြောခဲ့ပြီး၊ ယခုမူ (မည်သည့်ဝဋ္ဋအာရုံကိုမှ စုံမက်နှစ်သက်ခြင်းမရှိ) ဟု ပြောပြန်ပါသည်ဟု မြတ်စွာဘုရားသခင်ထံ လျှောက်ကြား၏။

ထိုအခါ မြတ်စွာဘုရားသခင်က....

“ချစ်သား ရဟန်းတို့....ငါ၏သားဘော်သည် ကောင်းစွာ ဆောက်တည်အပ်သောစိတ်ဖြင့် မဂ်ကိုမြင်အပ်သော ကာလမှစ၍ တစုံတခုသော ဝဋ္ဋအာရုံတို့၌ခုံမင်စွဲလမ်းခြင်းမရှိ”ဖြစ်ပေသည် ဟု မိန့်ကြားတော်မူပြီး-

၄၃။ န တံ မာတာ ပိတာ ကယိရာ၊
အညေ ဝါပိ စ ဉာတကာ။
သမ္မာ ပဏိဟိတံ စိတ္တံ၊
သေယျသော နံ တတော ကရေ။

၄၃။ အကြင် လူ နတ် နိဗ္ဗာန် သုံးတန်သော ချမ်းသာတည်းဟူ သောအရာကို အမိသည်လည်း မပြုနိုင်၊ အဘသည်လည်း မပြုနိုင်၊ ဆွေမျိုးသည်လည်း မပြုနိုင်၊ ထိုအရာကို ကောင်းစွာ ဆောက်တည် အပ်သော မိမိကိုယ်သာလျှင် တဆင့်ထက်တဆင့် မြင့်မြင့်လေအောင် ပြုစွမ်းနိုင်၏။

ဟု ဟောတော်မူ၏။

(ဓမ္မပဒ စိတ္တဝဂ် ကိုးခုမြောက် သောရေယျမထေရ်ဝတ္ထုပြီး၏၊)

စတုတ္ထအကြိမ်

WWW.DHAMMARANSI.COM



# ၇။ စူဠဧကသာဋကပုဏ္ဏား ဝတ္ထု


စိတ်ဟူသည်မှာ
မကောင်းမှု၌ မွေ့လျော်တတ်၏။
ကောင်းမှု၌ နှောင့်နှေးတတ်၏။
ထို့ကြောင့်-
မကောင်းစိတ်ကို တားမြစ်၍
ကောင်းမှုကို လျင်မြန်စွာဆောင်ရွက်ရာ၏။

ဤဒေသနာတော်ကို ဇေတဝန်ကျောင်းတော်၌ စူဠဧကသာဋကပုဏ္ဏားကို အကြောင်းပြု၍ ဟောတော်မူ၏။

## ဝတ္ထုကြောင်းကား ဤသို့တည်း

ဝိပဿီဘုရား လက်ထက် မဟာဧကသာဋကပုဏ္ဏား ရှိခဲ့၏။ ဤပုဏ္ဏားသည် ယခုအခါ သာဝတ္ထိပြည်၌ စူဠ ဧကသာဋက ပုဏ္ဏားအမည်ရ၏။ ထိုပုဏ္ဏားနှင့်ပုဏ္ဏေးမတွင် နှစ်ယောက်ပေါင်းမှ အပေါ်ရုံ ပုဆိုးတထည်သာရှိ၏။ အပြင်သို့ သွားသောအခါ တယောက်က အပေါ်ရုံကိုယူ၍ သွားလျှင် တယောက်က အိမ်မှာ နေရ၏။ ဤမျှဆင်းရဲလှ၏။

ဤနေ့တွင် ကျောင်းတော်၌ တရားနာရန် ကြွေးကြော်သံကို ကြားသော ပုဏ္ဏားသည် ပုဏ္ဏေးမကို မေး၏။ ဤရေးနာရန် နေ့




စတုတ္ထအကြိမ်

WWW.DHAMMARANSI.COM



ခင်းဘက်မှာ သွားမည်လား၊ညဘက်မှသွားမည်လားဟု မေး၏။ အကြောင်းမူကား အပေါ်ရှိပုဆိုးတထည်တည်းရှိ၍ နှစ်ယောက် အတူသွား၍ မဖြစ်။

ပုဏ္ဏေးမက ငါနေ့ခင်း၌ သွားမည်၊ ပုဏ္ဏားကြီးက ညဘက် မှာ တရားနာရန်သွားပေါ့ဟု ပြော၏။

ပုဏ္ဏားသည် ညဉ့်သို့ရောက်လျှင် တရားနာရန်သွား၍ မြတ် စွာဘုရားရှေ့၌နေလျက် တရားတော်ကို နာကြား၏။ တရားနာ ကြားနေယင်းပင် ပုဏ္ဏား၏တကိုယ်လုံး ပီတိများပျံ့နှံ့၍သွား၏။

ပုဏ္ဏားသည် ဘုရားကို ပူဇော်လှူဒါန်းလိုသည်ဖြစ်၍ လှူစရာ မှာလည်း အပေါ်ရုံပုဆိုးတထည်သာပါ၏။

ဤပုဆိုးကို လှူလိုက်မည်ဟု ကြံစည်၏။ ထို့နောက်ဆက်၍ စဉ်းစားပြန်၏။

"ငါ၏ပုဆိုးဖြူကို လှူလိုက်လျှင် ပုဏ္ဏေးမမှာ ခြုံစရာမရှိ ဖြစ်တော့မည်။ ငါ့ဘင် လက်ကန်ဘော့တင်စရာမရှိ ဖြစ်တော့ မည်"ဟု တွန့်တိုသောစိတ်တို့ ဖြစ်ပေါ်၏။

တဖန် ကြည်ညိုသောစိတ် ပေါ်လာပြန်၏။

"လှူမည်"ဟု ကြံပြန်၏။

ထိုကြည်ညိုစိတ်ကို တွန့်တိုစိတ်တို့က နှိပ်စက်၍ မလှူဖြစ် ပြန်၏။

ဤသို့ပင် ပုဏ္ဏားအား သဒ္ဓါစိတ်ကို အားကြီးသောတွန့်တို စိတ်ဆ နှောင်ဖွဲ့၍ ဆွဲယူသကဲ့သို့ တားမြစ်ထား၏။

လှူမယ်၊ မလှူဘူး။

လှူမယ်၊ မလှူဘူး....

ဟု စိတ်ကူးယင်း ညဉ့်ဦးယံသည် လွန်သွား၏။

စတုတ္ထအကြိမ်

WWW.DHAMMARANSI.COM



ညဉ့်အလယ်ယံသို့ရောက်ပြန်လျှင် "လှူမယ်၊ မလှူဘူး" ဟူသော သဒ္ဓါစိတ်နှင့် မစ္ဆေရစိတ်တို့သည် လွန်ဆွဲနေကြပြန်၏။

ပစ္ဆိမယံသို့ရောက်လတ်သော် ပုဏ္ဏားသည် စဉ်းစား၏။

ငါ၏သဒ္ဓါစိတ်နှင့် ငါ၏ဝန်တိုစိတ်တို့ ငါ့ကိုယ်တွင်း၌ စစ်ပွဲခင်းနေစဉ်မှာပင် ညဉ့်ဦးယံနှင့် ညဉ့်သယ်တို့ လွန်ခဲ့ကုန်ပြီ၊ ငါ့အား ဤမျှလောက်မစ္ဆေရဝန်တိုစိတ်ပွားများခဲ့လျှင် အပါယ်လေးပါးတို့မှ လွတ်ဘောမည်မဟုတ်၊ ထိုအပေါ်ရုံပုဆိုးကို လှူကိုလှူမည်ဟု ယတိပြတ် ဆုံးဖြတ်လိုက်၏။

မစ္ဆေရ ဝန်တိုစိတ် တထောင်ကို သဒ္ဓါစိတ်က တိုက်ခိုက်၍ ပုဆိုးကိုယူပြီး ဘုရားခြေတော်ရင်း၌ ထားကာ....

"ဇိတံမေ-ဇိတံမေ-ဇိတံမေ"

"ငါအောင်ပြီ-ငါအောင်ပြီ-ငါအောင်ပြီ"

ဟု ကြီးသောအသံဖြင့် သုံးကြိမ်တိုင်တိုင် ကြွေးကြော်လိုက်၏။

ထိုအသံကို ပသေနဒီကောသလမင်းကြီး တရားနာစဉ် ကြား၍ ထိုပုဏ္ဏားသည် တစုံတခုကို အောင်ဟန်ရှိသည်။ ထိုပုဏ္ဏားကို မေးကြစမ်းဟု မင်းချင်းတို့ကို စေခိုင်း၏။ မင်းချင်းယောကျ်ားတို့သည် မေးလေလျှင်....

"ငါ၏ အဘွင်းစိတ်ကို ငါအောင်နိုင်သောကြောင့် ကြွေးကြော်မိသည်" ဟု အဖြစ်အပျက်ကို ပြောကြား၏။

မင်းချင်းတို့က ထိုအကြောင်းကို မင်းကြီးအား လျှောက်ကြားကြ၏။

မင်းကြီးသည် ထိုအကြောင်းကိုသိလျှင် ဤပုဏ္ဏားသည် ပြုနိုင်ခဲသောအလှူကိုလှူ၏။ ထိုပုဏ္ဏားအား ချီးမြှင့်မည်ဟု ညိုသော ပုဆိုးတထည်ကို ပေးစေ၏။

WWW.DHAMMARANSI.COM



ပုဏ္ဏားသည် မင်းကြီးပေးသောပုဆိုးကို မြတ်စွာဘုရားအား ထပ်၍လှူ၏။

မင်းကြီးသာ နှစ်ထည်ေ းစေပြန်၏။ နှစ်ထည်စလုံးပင် ဘုရားကို လှူပြန်၏။

မင်းကြီးသာ လေးထည် ပေးစေပြန်၏။

ပုဏ္ဏားသည် လေးထည်စလုံးပင် လှူပြန်၏။

ထိုနောက် ရှစ်ထည်၊ တဆယ့်ခြောက်ထည်၊ ဤသို့ နှစ်ဆတက်၍ ပေးပြန်၏။

ပုဏ္ဏားသည် ဘုရားကိုပင် လှူပြန်၏။

သုံးဆယ့်နှစ်ထည်သော ပုဆိုးအစုံကို ပေးစေ၏။

ပုဏ္ဏားသည် မိမိအတွက်မချန်ပဲ ရတိုင်း လှူဒါန်းသည်ဟု အကဲ့ရဲ့လွတ်အောင် သုံးဆယ့်နှစ်ထည် ပုဆိုးအစုံ တစုံကို မိမိအတွက်၊တစုံကို ပုဏ္ဏေးမအတွက်ယူ၍ အစုံသုံးဆယ်တို့ကို ဘုရားအားသ လျှင် လှူ၏။

မင်းကြီးသည် ခုနစ်ကြိမ်တိုင်ပေး၏။ ထိုပုဏ္ဏားသည် ခုနစ်ကြိမ်လုံးပင် လှူ၏။

ဝိပဿီဘုရား လက်ထက်၌ မဟာကေသာဠက ပုဏ္ဏားသည် ခြောက်ဆယ့်လေးစုံသော ပုဆိုး၌ နှစ်ထည်ကိုယူ၏။ဤ ပုဏ္ဏားသည် သုံးဆယ့်နှစ်စုံကိုရသောအခါ နှစ်ထည်ယူ၏။

## သိန်းထိုက်ကမ္ဗလာ

မင်းကြီးသည် လုလင်တို့ကိုစေလွှတ်၍ နန်းတွင်းမှ ဝတ်လဲတော် ကမ္ဗလာနှစ်ထည်ကို ယူစေ၏။

မင်းကြီးသည် သိန်းထိုက်ကမ္ဗလာ နှစ်ထည်ကို ပုဏ္ဏားထံ ပို့စေ၏။

စတုတ္ထအကြိမ်

WWW.DHAMMARANSI.COM



ပုဏ္ဏားသည်လည်း ဤမျှအဖိုး တန်သောကမ္ဗလာတို့ကို ငါ၏ ကိုယ်၌ တင်ခြင်း ဝတ်ခြင်း မထိုက်ပေ၊ မြတ်စွာဘုရားနှင့်သာ ထိုက်၏၊

ဤသို့စိတ်ကူး၍ ကမ္ဗလာတထည်ကို ဂန္ဓကုဋိဘွင်း၌ မြတ်စွာဘုရား ကိန်းဝပ်တော်မူသော အိပ်ရာအထက်၌ ဖိတာန်ပြု၍ မျက်နှာကြက်၏။ တထည်ကို မိမိအိမ်၌ မပြတ်ဆွမ်းစားသော ရဟန်း၏ ဆွမ်းစားရာနေရာ၌ ဖိတာန်ပြု၍ မျက်နှာကြက်၏။

မင်းကြီးသည် ညချမ်းအခါ၌ ဘုရားထံအဖူးအမြော်သွားရာ ထိုကမ္ဗလာကိုသိ၍ ပုဏ္ဏားသည် ငါ၏ကြည်ညိုရာ အရပ်၌သာ ကြည်ညို၏ဆို၍ နှစ်သက်ဝမ်းမြောက်လှသဖြင့်....

ဆင်လေးစီးတို့ကိုလည်းကောင်း၊ မြင်းလေးစီးတို့ကို လည်းကောင်း၊ အသပြာ လေးထောင်တို့ကို လည်းကောင်း၊ မိန်းမလေးယောက်တို့ကိုလည်းကောင်း၊ ကျွန်မိန်းမလေးယောက်တို့ကို လည်းကောင်း၊ မင်းချင်း လေးယောက်တို့ကို လည်းကောင်း၊ အခွန်ထွက်သော ရွာလေးရွာတို့ကိုလည်းကောင်း ဤသို့ ခုနစ်လီ ပြည့်စုံအောင် လေးခု လေးခုစီသော သဗ္ဗစတုက္ကမည်သောအလှူကို ပုဏ္ဏားအား ပေး၏။

## မြတ်စွာဘုရားသခင်၏ တရားတော်

ထိုနေ့တရားသဘင်၌ ရဟန်းတို့သည် စူဠေကသာဋကပြုခဲ့သော ကောင်းမှုသည် တခဏချင်းပင်လျှင် အလုံးစုံသောစတုက္က အလှူကိုရ၏။ ဝိဇ္ဇမ္မပင် အကျိုးပေး၏ဟု ပြောကြားကြ၏၊

မြတ်စွာဘုရား ကြွလာ၍ ယခုအခါ၌ အဘယ်စကားဖြင့် စည်းဝေးကြသနည်းဟု မိန့်တော်မူခြင်းကြောင့် ဤမည်သော စကားပါတည်းဟု လျှောက်လေသော်....

WWW.DHAMMARANSI.COM



"ရဟန်းတို့... ဤပုဂ္ဂိုလ်သည် ညဉ့်ဦးယံ၌ ငါ့ဘုရားအား လှူခြင်းကို တတ်နိုင်ခဲ့လျှင် အလုံးစုံ တသယ့် ခြောက်ခုစီသော သောင္ဇယကဝတ္ထုပစ္စည်းတို့ကို ရလေရာ၏။ မဇ္ဈိမယံ၌ လှူနိုင်ခဲ့လျှင် ရှစ်ခုနစ်လီကိုရလေရာ၏။ လှင်းအားကြီးမဇ္ဈိမယံ၌လှူခြင်း အတွက် လေးခု ခုနစ်လီကိုရ၏" ဟု မိန့်တော်မူပြီး ဆက်လက်၍....

"ကောင်းမှုကိုပြုသောသူသည် ရှေးဦးစွာဖြစ်သော စိတ်ကို မယုတ်လျော့စေပဲ ထိုခဏ၌သာလျှင် ပြုအပ်၏။

နှေးကွေးစွာပြုအပ်သော ကုသိုလ်အမှုသည် စည်းစိမ် ချမ်း သာကို နှောင့်နှေးစွာလျှင် ပေး၏။

ထို့ကြောင့် စိတ်ကူးပြီးသည်နှင့်တပြိုင်နက် ကောင်းမှုကိုကို ပြုအပ်၏။

ဤသို့ မိန့်တော်မူပြီး တရားတော်ကို ဟောလိုသဖြင့်....

၁၁၆။ အဘိတ္ထရေထ ကလျာဏေ၊
ပါပါ စိတ္တံ နိဝါရယေ။
ဒန္ဓံ ဟိ ကရောတော ပုညံ၊
ပါပသ္မိံ ရမတီ မနော။

၁၁၆။ ကောင်းမှုတို့ကို မြန်မြန်သာလျှင် ပြုသင့်၏။ မကောင်းမှု မှစိတ်ကို တားမြစ်ရာ၏။ ကောင်းမှုကို နှေးကွေးစွာပြုသောသူ၏ စိတ် သည် မကောင်းမှု၌ မွေ့လျော်တတ်၏။

ဒေသနာတော်၏အဆုံး၌များစွာသောသူတို့သည် သောတာ ပတ္တိဖိုလ်သို့ ရောက်ကုန်၏။

(ဓမ္မပဒ ပါဠိပါဝင် ပထမဝတ္ထု ပြီး၏။)

စတုတ္ထအကြိမ်

WWW.DHAMMARANSI.COM



WWW.DHAMMARANSI.COM

# ၈။ သုံးတန်ချမ်းသာ ရောက်ဖို့ရာ စိတ်သာ နိုင်အောင်ထိန်း

## (ငြိုးငွေ့သောရဟန်းတပါး ဝတ္ထု)

အလွန့်အလွန်မြင်နိုင်ခဲသော
အလွန့်အလွန် သိမ်မွေ့သော
အလိုရှိရာအာရုံတို့၌ကျက်စားတတ်သောစိတ်ကို
စောင့်ကြပ် ထိန်းသိမ်းနိုင်ခဲ့လျှင်
လောကီအကျိုးလည်းဖြစ်၏။ လောကုတ္တရာအတွက်
လူ နတ် နိဗ္ဗာန် သုံးတန်ချမ်းသာ
ရောက်နိုင်ရာ၏။

ဤဒေသနာတော်ကို ဇေတဝန်ကျောင်းတော်တွင် မှဟန်း ဝတ်၌ငြိုးငွေ့သော ရဟန်းတပါးကို အကြောင်းပြု၍ ဟော တော်မူ၏။

### ဝတ္ထုကြောင်းကား ဤသို့တည်း

သာဝတ္ထိပြည်မှ သဌေးသားတဦးသည် မိမိအိမ်သို့ ကြွလာ တော်မူသော မထေရ်တပါးအား ဆင်းရဲမှလွတ်ခြင်း တရားကို တောင်းပန်၏။ မထေရ်က ဟောပြောပြသဖြင့် သဌေးသား သည် အလှူဒါန အဆင့်ဆင့်ကို ပြုလုပ်ပြီး သရဏဂုံနှင့် ငါးပါး ဆယ်ပါးသောသီလတို့ကို ဆောက်တည်ကျင့်သုံး၏။ အနုပုဗ္ဗက သဌေးသားဟု ခေါ်ကြ၏။

### ရဟန်းပြုမှ စိတ်ညစ်ရ

ထို့ထက်ပိုမို၍ ဆင်းရဲမှလွတ်ကြောင်း နည်းလမ်းကောင်းကို ညွှန်ကြားတော်မူပါဟု လျှောက်ပြန်လျှင် ထိုမထေရ်က "ရဟန်း ပြုလျှင် သင့်မည်" ဟု အကြံပေး၏။

WWW.DHAMMARANSI.COM



သဌေးသားသည် ရဟန်းပြုလေ၏။

ဆရာပါးသည် ထိုသဌေးသား ရဟန်းအား အဘိဓမ္မာကို ဟောပြောတော်မူ၏။ ဝိနည်းဘောင်ဆောင်သောဆရာ့ထံရောက်လျှင် ဝိနည်းဘောင်နှင့်ပတ်သက်၍ ညွှန်ကြားဆုံးမ၏။

သာသနာတော်၌ ပြုအပ်သောကိစ္စ၊ မပြုအပ်သော ကိစ္စကို ညွှန်ပြပြောဆို ဆုံးမ၏။

သဌေးသားရဟန်းသည် အဘိဓမ္မာဆရာနှင့် ဝိနည်းဆရာ နှစ်ပါးအကြား နားရှုပ်၍လာ၏။

ရဟန်းဖြစ်ရသည်မှာ မလွယ်ပါတကား။ ဆင်းရဲမှလွတ်လို၍ ရဟန်းပြုမိသည်။ မြတ်စွာဘုရားသာသနာတော်မှာ လက်ကိုပင် မဆန့်ဝံ့အောင်ရှိလှသည်၊ အိမ်မှာနေရသည်က ကောင်းသေးသည်။ ငါလူထွက်တော့မည်ဟုကြံ၏။

မြတ်စွာဘုရားထံ ရောက်ခြင်း

ဤသို့ ရဟန်းဘဝ၌ မပျော်မွေ့တော့သောကြောင့် မစားနိုင် မသောက်နိုင်၊ ကမ္မဋ္ဌာန်းမစီးဖြန်းနိုင်။ ဝတ်ဋ္ဌတော်တို့ကိုလည်း မကျက်မှတ်နိုင်၊ အိပ်၍သာနေသဖြင့် တဖြည်းဖြည်းနှင့် ပိန်၍လာ၏။ ထိုအခါ သာမဏေငယ်တို့က ပိန်လှီလှ၍မေးမြန်းသောအခါ လူထွက်လိုကြောင်း၊ သာသနာတော်၌ မပျော်ကြောင်း ပြောပြ၏။ သာမဏေငယ်တို့မှ တဆင့် ဆရာဥပဇ္ဈာယ် တို့ကို လျှောက်ကြားကြ၏။ ဆရာဥပဇ္ဈာယ်တို့သည် မြတ်စွာဘုရားထံ ခေါ်လာ၏။ မြတ်စွာဘုရားက မေးတော်မူသော်—

"ဘုန်းတော်ကြီးတော်မူသောမြတ်စွာဘုရား....တပည့်တော်သည် ဆင်းရဲဒုက္ခမှ လွတ်မြောက်လိုသောကြောင့် ရဟန်းပြုပါသည်။ တပည့်တော်၏ဆရာတို့ ဟောကြားပြသ ဆုံးမကြသော

WWW.DHAMMARANSI.COM


အဘိဓမ္မာတရားနှင့် ဝိနည်းကရားတို့ကို ကြားသိရသောအခါ သာသနာတော်၌ လက်ဆန့်စရာနေရာမျှပင် မရှိဘော့ဟု ယူဆသဖြင့် လူ့ဘဝနှင့်ပင် ဆင်းရဲဒုက္ခမှ လွတ်အောင် ကြိုးစားတော့မည်ဟု ဆုံးဖြတ်ခဲ့ပါသည်ဟု လျှောက်ထား၏။

မြတ်စွာဘုရားသခင်သည် ထိုရဟန်းတော်၏ အတွင်းစိတ်ဓာတ်ကိုသိသည်ဖြစ်၍—

"ချစ်သား.... သင်တခုတည်းကို စောင့်ရှောက်နိုင်လျှင် ကျန်သောကိစ္စအားလုံး စောင့်ရှောက်စရာမလို"ဟု မိန့်တော်မူ၏။

"ဘုန်းတော်ကြီးသော မြတ်စွာဘုရား.... တခုတည်းစောင့်ရှောက်ရမည်ဆိုသည်မှာ အဘယ်အရာပါနည်း"

"ချစ်သား.... သင်၏စိတ်တခုတည်းကို စောင့်ရှောက်နိုင်ပါမည်လော"

"မြတ်စွာဘုရား.... စောင့်ရှောက်နိုင်ပါမည်"ဟု လျှောက်ကြား၏။

ထိုသို့ဆိုလျှင် မိမိ၏စိတ်ကိုသာ ထွက်မပြေးအောင် စောင့်ရှောက်လေလော့၊ ဆင်းရဲဒုက္ခမှ လွတ်ခြင်းငှာ တတ်ကောင်းပါလိမ့်မည်ဟု မိန့်တော်မူပြီး၍—

၃၆။ သုဒုဒ္ဒသံ သုနိပုဏံ၊
ယတ္ထကာမနိပါတိနံ။
စိတ္တံ ရက္ခေထ မေဓာဝီ၊
စိတ္တံ ဂုတ္တံ သုခါဝဟံ။

၃၆။ အလွန်သိမ်မွေ့၍ အလွန်မြင်နိုင်ခဲသော၊ ကာမဂုဏ်အာရုံ၌ ကျက်စားတတ်သော 'စိတ်' ကို၊ ပညာရှိသည် အမြဲမပြတ် စောင့်ကြပ် ထိန်းသိမ်းရာ၏။ စောင့်ရှောက် လုံခြုံပြီးသော

ဧတုဏ္ဍအကြိမ်

WWW.DHAMMARANSI.COM



စိတ်သည် လူနတ်နိဗ္ဗာန် သုံးတန်ချမ်းသာကို ကောင်းစွာ ရွက်ဆောင်ပေတတ်၏။

ထိုဒေသနာဂါထာ၏ အဆုံး၌ သဒ္ဓေးသား ရဟန်းသည် သောတာပတ္တိဖိုလ်သို့ ရောက်လေ၏။

(ဓမ္မပဒ စိတ္တဝဂ် သုံးခုမြောက် အညဘရ ရဟန်းတပါး ဝတ္ထုပြီး၏။)

× × × ×

# ၉။ ကိလေသာမာရ် အောင်နိုင်ရန်

မာရ်နတ်၏ လှည့်ဖြားမှုမှ လွတ်လိုလျှင်
အကောင်အထည်မရှိသောစိတ်ကို
စောင့်စည်းလော့။

ဤဒေသနာတော်ကို မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သံဃာ့ရက္ခိတ ရဟန်းကို အကြောင်း ပြု၍ဟောတော်မူ၏။

ဝတ္ထုကြောင်းကား ဤသို့တည်း

သာဝတ္ထိပြည်မှ အမျိုးသားကောင်း တယောက်သည်ရဟန်း ပြု၏။ သံဃာ့ရက္ခိတမထေရ်ဟု ဘွဲ့အမည်ရှိ၏။ နှစ်ရက် သုံးရက် ဖြင့်ပင် အရဟတ္တဖိုလ်သို့ ရောက်ခဲ့၏။

ထိုမထေရ်၏နှမငယ်သည်အရွယ်ရောက်သော သားကိုမထေရ် ၏ အထံ၌ ရဟန်းပြုပေး၏။ ဘူ သံဃာ့ရက္ခိတဟု အမည်ရ၏။

ထိုရဟန်းသည် ဝါကပ်ရန် ရွာငယ်တရွာ၏အနီး၌ သီတင်း သုံး၏။ ဝါဆိုသင်္ကန်းပြုရန် ခုနစ်တောင်ရှိသော ပုဆိုးတထည်၊ ရှစ်တောင်ရှိသော ပုဆိုးတထည် ရခဲ့၏။ ဝါကျွတ်သောအခါ

WWW.DHAMMARANSI.COM



ဆရာမထေရ်ထံဖူးမြော်ရန်လာ၏။ မထေရ်ဆွမ်းခံထွက်ချိန်ဖြစ်၍ ရဟန်းငယ်သည် ကျောင်း၌ တံမြက်လှည်း၊ ခြေဆေးရေတည်၊ အိပ်ရာနေရာတို့ကို ခင်းကျင်းပြီးထား၏။ မထေရ်ကြွလာသော အခါ ခရီးဦးကြိုပြု သပိတ်,သင်္ကန်းလှမ်းယူ နေရာချထားပြီး၊ ဆရာမထေရ် ထိုင်နေသီတင်းသုံးရာ၌ မိမိရခဲ့သော ရှစ်တောင် ရှိသော ပုဆိုးကို မထေရ်၏ ခြေရင်း၌ထားပြီး.... "ဤပုဆိုးကို သုံးဆောင်တော်မူပါလော့" ဟု လျှောက်၍ ယပ်ခတ်ပေးနေ၏။

မထေရ်က "ငါ့တွင်ပြည့်စုံပြီ၊ အသင်ပင်သုံးဆောင်လော့" ဟု မိန့်တော်မူ၏။ သံဃာရက္ခိတ ရဟန်းငယ်သည် အကြိမ်ကြိမ် လျှောက်ထား၏။ မထေရ်က "ငါ့တွင်ပြည့်စုံပြီ" ဟု ငြင်းပယ်၏။

## စိတ်ကူးထဲက မယားနှင့် သား

ရဟန်းငယ်က စဉ်းစား၏။ ငါသည် တူအရင်း လည်းဖြစ်၏။ အတူနေတော်သည့်သားလည်းဖြစ်ပါလျက် ငါနှင့်တူသောသင်္ကန်း ကို မဝတ်လိုသောကြောင့် ငြင်းပယ်သည်။ ငါရဟန်းအဖြစ်နှင့် နေ၍ အကျိုးရှိမည်မဟုတ်၊ လူထွက်တော့မည်ဟု ယပ်ခတ်ယင်း စိတ်ကူးနေ၏။

ထိုမှ ဆက်သက်၍ စိတ်ကူးဆက်ပြန်သည်။

လူထွက်ပြီးငါ ဘာအလုပ် လုပ်မလဲ။ ဟုတ်ပြီ ရှစ်တောင် ရှိသောပုဆိုးကိုရောင်းပြီး ဆိတ်မတကောင်ကိုဝယ်မည်။ ဆိတ်မ ဆိုသည်မှာ သားပွားလွယ်သည်။ မွေးတိုင်းမွေးတိုင်း ဆိတ်တွေ ကိုရောင်းပြီးငွေစုမည်။ ငွေစုပြီးမိန်းမယူမည်။ ငါ့မယားသည် သားတယောက်မွေးဖွားမည်။ သားငယ်ကို ဦးရီးနာမည်ပင်ပေး မည်။ သားနှင့်မယားကို လှည်းယာဉ်ငယ်မှာ ထိုင်နေစေပြီး ဦးရီးမထေရ်ကို ကန်တော့ရန်လာကြမည်။

စတုတ္ထအကြိမ်

WWW.DHAMMARANSI.COM



လမ်းခရီးမှာငါ့သားကိုပေး၊ ငါချီမည်ဟုပြောမည်။ မယားက လှည်းကိုသာမောင်းပါ ငါချီခဲ့ပါမည်ဟု ပြော၏။ ငါက ကျေနပ်၍ မယားကသားငယ်ကိုလှမ်းပေးယင်း လက်မှလွတ်ပြီး လှည်းလမ်းပေါ်သို့ကျ၍ သားငယ်၏ကိုယ်ပေါ်သို့ လှည်းဘီးနှင့် နင်းမိမည် ထိုအခါ မယားကိုစိတ်ဆိုးပြီး တံပြာဖြင့် ကျောကုန်းကိုရိုက်မည်" ဟုစဉ်းစားယင်းက ခတ်နေသောယပ်အရိုးကို နွားမောင်းသည့်ကြိမ်လုံးအမှတ်ဖြင့် ယောင်ယမ်း၍ ရိုက်လိုက်မိရာ မထေရ်၏ဦးခေါင်းကို ရိုက်ခတ်မိလေ၏။

## ရဟန်းငယ် ထွက်ပြေးရန်ကြံခြင်း

ထိုအခါမထေရ်က ဤသံဃာရက္ခိတသည် ငါ၏ဦးခေါင်းကို ဘာ့ကြောင့်ရိုက်သနည်းဟုဆင်ခြင်လေလျှင် ရဟန်းငယ်ကြံသမျှ အကုန်သိမြင်၍ "ငါ့ရှင် သံဃာရက္ခိတ.... သင့်သားအတွက် သင့်မယားကိုမရိုက်နိုင်ပါပဲ အိုမင်းတဲ့ငါမထေရ်ကို ဘာ့ကြောင့် ရိုက်ရသလဲ" ဟု မေး၏။

သံဃာရက္ခိတ ရဟန်းငယ်သည် အံ့အားသင့်သွား၏၊ ငါကြံစည်စိတ်ကူးသမျှ ငါ့ဆရာမထေရ် အကုန်သိနေပြီ၊ ရဟန်းအဖြစ်ဖြင့်နေ၍ အဘယ်အကျိုးရှိတော့အံ့နည်းဟု ထန်းရွက်ယပ်ကိုချထားပြီး ကျောင်းပေါ်မှ ဆင်းပြေး၏။

ပဥ္စင်းငယ်နှင့်သာမဏေငယ်တို့သည်နောက်မှလိုက်၍ ဖမ်းဆီးကြပြီး မြတ်စွာဘုရားထံသို့ပို့၏။ ဤရဟန်းငယ် လူထွက်ရန် ထွက်ပြေး၍ ဖမ်းဆီးပြီး အရှင်မြတ်ထံ လာခဲ့ကြပါသည်ဟု လျှောက်ကြားကြ၏။

မြတ်စွာဘုရားက မေးတော်မူသော် လူထွက်ရန် ကြံစည်မိကြောင်း ပြန်လည်လျှောက်ထားသဖြင့်....

WWW.DHAMMARANSI.COM



"ချစ်သားရဟန်း.... အဘယ်ကြောင့် ဤသို့ ပြုရသနည်း၊ သင်သည် ငါဘုရား၏သားတော်မဟုတ်လော။ သာသနာတော်၌ ရဟန်းပြုပြီး မိမိကိုယ်ကို သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ် ရဟန္တာဟူ၍ ဖြစ်အောင် မကြိုးစားပါသနည်း" ဟု မေးတော်မူ၏။

ထိုအခါ ရဟန်းငယ်က ဝါဆိုသင်္ကန်းပုဆိုးကို ရသောနေ့မှစ၍ ဆရာမထေရ်အား ထန်းရွက်ဖြင့်ပုတ်ခတ်မိသည့်တိုင်အောင် စိတ်ကူးယဉ်ခဲ့သောအကြောင်းများပါ လျှောက်ကြား၍ ဤသို့သော အကြောင်းကြောင့် ထွက်ပြေးခြင်း ဖြစ်ပါသည်ဟု လျှောက်၏။

ထိုအခါ မြတ်စွာဘုရားက....

"ချစ်သားရဟန်း.... လာလှည့် စိတ်ကူးပြီး ပူပန်မနေနှင့်၊ စိတ်ဆိုသည်မှာ အဝေးက အာရုံကိုလည်း ခံတတ်၏။ ရာဂ ဒေါသ မောဟ ဟူသော အနှောင်အဖွဲ့မှ လွတ်သင့်၏" ဟု မိန့်တော်မူပြီး....

၃၇။ ဒူရင်္ဂမံ ဧကစရံ၊ အသရီရံ ဂုဟာသယံ။
ယေ စိတ္တံ သံယမိဿန္တိ၊
မောက္ခန္တိ မာရဗန္ဓနာ။

၃၇။ အဝေးမှ အာရုံများထံ ပြေးသွားတတ်သော တဦးတည်း ကျက်စားတတ်သော အကောင်အထည် မရှိသော ဟဒယဝတ္ထု၊ လိုဏ်ဂူထဲ၌သာ ခိုအောင်းနေတတ်သော စိတ်ကိုစောင့်ရှောက်ချုပ်တည်းနိုင်သူတို့သည်မာရ်နတ်မင်း၏ ချုပ်နှောင်ခြင်းမှလွတ်ကုန်လတ္တံ့။

ဒေသနာတော်၏ အဆုံး၌ သံဃရက္ခိတ ရဟန်းငယ်သည် သောတာပတ္တိဖိုလ်သို့ရောက်လေ၏။

(ဓမ္မပဒ စိတ္တဝဂ် လေးခုမြောက် မထေရ်ငယ်ဝတ္ထုပြီး၏)

စတုတ္ထအကြိမ်

WWW.DHAMMARANSI.COM

# အရှင်မေဃိယကို ဟောတော်မူသော တရား

(မဟာဗုဒ္ဓဝင်စတုတ္ထတွဲမှ အကျဉ်းချုပ်၍ အရှင်မေဃိယ တရား ထိုင်ယင်း ပေါ်ပေါက်လာသော ဝိတက် ဝိစာရတို့ကို ပြည့်စုံစေရန် ဖော်ပြအပ်ပါသည်။)

အရှင်မေဃိယမထေရ်သည် သစ်ပင်ရင်း၌ထိုင်နေယင်း ရှေးဘဝ ငါးရာက မင်းဖြစ်ခဲ့စဉ် ဥယျာဉ်ကစားတော်မူရာ၊ ကချေသည်များနှင့် ပျော်ရွှင်မြူးတူး နေဖူးသောအဖြစ်သည် အရှင်မေဃိယမထေရ် ထိုင်မိသည့်အချိန်ကစ၍ ပေါ်လာ၏။

အရှင်မေဃိယ၏ စိတ်တွင် ရဟန်းအဖြစ် ဟင်းကွာသလိုဖြစ်ကာ မင်းအဖြစ်နှင့် ကချေသည်များဝန်းရံပြီး ရာဇပလ္လင်၌ ထိုင်နေသကဲ့သို့ (အိပ်မက်ပမာ) ဖြစ်၍လာ၏။

ထိုအခါ အရှင်မေဃိယသည် မင်းစည်းစိမ်ကို သာယာတပ်မက်သည့် စိတ် တည်းဟူသော ကာမဝိတက်တို့သည် တဖွားဖွား ဖြစ်၍ လာကုန်၏။

ထိုခဏမှာပင် ခိုးသူနှစ်ယောက်ကို ဆောင်ယူခဲ့၍ ရှေ့၌ (အိပ်မက် ပမာ) မြင်လာပြန်၏။ ခိုးသူ နှစ်ယောက်အနက် တယောက်ကို သတ် ဖြတ်ရန် အမိန့်တော်မြွက် ချမှတ်သည့်အဖြစ်ဖြင့် ဗျာပါဒ ဝိတက်များ တဖွားဖွားဖြစ်၍ လာလေသည်။

ကျန်တယောက်ကို ထောင်သွင်း၍ အကျဉ်းချထားရန် အမိန့်တော် မြွက်သတ်မှတ်သောအနေဖြင့် ဝိဟိံသာဝိတက်များ တဖွားဖွားဖြစ်၍ လာလေသည်။

ဤသို့လျှင်အရှင်မေဃိယကို ကာမဝိတက်၊ ဗျာပါဒဝိတက်၊ ဝိဟိံ သာ ဝိတက်တည်းဟူသော အကုသိုလ် စိတ်တို့သည် ဝန်းရံနေလေ တော့၏။

WWW.DHAMMARANSI.COM

အရှင်မေဃိယသည် တအံ့တသြဖြစ်ကာ ကမ္ဘာ့ဌာန်းဆက်၍မထိုင်နိုင်ပဲ မြတ်စွာဘုရားထံပြန်၍သွားရ၏။ ထိုအခါမြတ်စွာဘုရားသခင်က-

ချစ်သားမေဃိယ- ဤတရား ငါးမျိုးတို့သည် မရင့်ကျက် သေးသောစိတ်၏ စေတောဝိမုတ္တိ (စိတ်၏ကိလေသာမှ လွတ်မြောက်မှုကို ရင့်ကျက်စေရန်ဖြစ်ကုန်၏) ငါးပါးတို့ ဟူသည်မှာ-

(၁) မိတ်ဆွေကောင်းကို ပေါင်းသင်းမိခြင်း၊
(၂) သီလနှင့်ပြည့်စုံခြင်း၊
(၃) တရားစကားကို ကြားနာ စဉ်းစားမှုများခြင်း၊
(၄) အားထုတ်အပ်သော လုံ့လဝီရိယရှိခြင်း၊
(၅) ဥဒယဗ္ဗယဉာဏ်နှင့် ပြည့်စုံခြင်း၊

ဤငါးပါးတို့ ဖြစ်သည်။

ပထမဆုံး မိတ်ဆွေကောင်းကို ပေါင်းသင်းမိမှ ကျန်သော တရားလေးပါးတို့ ပြည့်စုံနိုင်မည်။

ချစ်သားမေဃိယ... အားထုတ်သော ရဟန်းသည် အထက်ပါ တရားငါးပါးတို့၌ တည်ပြီး တဆင့်တက်၍ တရားလေးပါးတို့ကို ပွားများရမည်။

(က) ရာဂကိုပယ်နိုင်ရန် အသုဘကို ပွားများရမည်။
(ခ) ဗျာပါဒကို ပယ်နိုင်ရန် မေတ္တာကို ပွားများရမည်။
(ဂ) ဝိတက်ကို ဖြတ်တောက်နိုင်ရန် အာနာပါနသတိကို ပွားများရမည်။
(ဃ) ငါဟူသောမာန်ကိုပယ်နိုင်ရန် အနိစ္စသညာကို ပွားများရမည်။ မှန်၏။ မေဃိယ၊ အနိစ္စသညာရှိသူအား အနတ္တသညာသည်ထင်၏။အနတ္တသညာထင်သူသည် ငါဟူသော မာန်ကိုပယ်ခွာနိုင်၍ ယခုဘဝ၌ပင် နိဗ္ဗာန်သို့ ရောက်နိုင်၏ ဟု မိန့်တော်မူလေ၏။

WWW.DHAMMARANSI.COM

## ဥဒါန်း နှစ်ဂါထာ

ထိုအခါ မြတ်ဘုရားရှင်သည် ဤအကြောင်းအရာကို သိတော်မူ၍ ထိုအချိန်၌ ဥဒါန်းနှစ်ဂါထာကို မိန့်ဆိုကျူးရင့်တော်မူသည်မှာ-

(၁) ယုတ်ညံ့သောဝိတက်၊ သိမ်မွေ့သော ဝိတက်တို့သည် စိတ်သို့ အစဉ်လိုက်တတ်၏။

စိတ်ကိုပေါ်လွင်တက်ကြွမှုကို ပြုတတ်ကုန်၏။

ဤမနောဝိတက်တို့ကို မသိသူသည် စိတ်မတည်တံ့နိုင်ပဲ၊ အာရုံတခုမှ အာရုံတခုသို့ ပြေးသွားတတ်၏။

(၂) ထိုမနောဝိတက်တို့ကို သိ၍ ကိလေသာကို ပူပန်စေတတ်သော လုံ့လနှင့် သတိရှိသော ပုဂ္ဂိုလ်သည် စိတ်သို့ အစဉ်လိုက်တတ်၏။ စိတ်ပေါ်လွင်တက်ကြွမှုကို ပြုတတ်သည့် ဝိတက်တို့ကို ပိတ်ဆို့နိုင်၏"

ထို(သုတဗုဒ္ဓ) ပုဂ္ဂိုလ်သည် သစ္စာလေးပါးကို သိသည်ဖြစ်၍ ထိုကာမဝိတက်စသည်တို့ကို အကြွင်းမဲ့ ပယ်စွန့်နိုင်၏။

ဟု ဤဥဒါန်းနှစ်ဂါထာကို မိန့်ဆို ကျူးရင့်တော်မူလေ၏။

(ဥဒါန်း ပါဠိအဋ္ဌကထာ)

294.3092, 2-32
A1MMGB016569

စာတွဲအမှတ်

WWW.DHAMMARANSI.COM

## ဆန်းအွန်းဦး...

### ထားအုပ်ဝယ်ယူထားသျှင် ...

ဦးလှခင် (ဆန်းညွန့်ဦး) ၏
"ခေတ်မီ စမ္ပယ် စဆူရတော်ကြီး" ...
"လက်ရွေးစင်စမ္ပဒ စဆူများ" ...
"မီးဖိုချောင်မှ ဆေးဝါးကောင်းများ" ...
ဦးမြတ်လှ၏ "လူကြီးများဖတ်ရန် ပုံပြင်များ" ...
(၁) သင်္ဂဇာဆရာတော် ဥပမာပုံပြင်စဆူများ၊ (၂) ...
တော် ဟာသကဗျာ ပုံပြင်များ၊ (၃) ...
များ၊ (၄) ခုံတော်မောင်ကျော်သိန်း စကားစစ်ထိုးခန်း၊ (...)
လျှောက်ထုံး ပထမတွဲ၊ (၆) ဒုတိယတွဲ။

ဦးသိန်းထွန်းမြင့်၏ (အဖိုးတန် ဆေးပညာစာအုပ်များ)
အိမ်တွင်းဆရာဝန် (ပထမတွဲ)၊ ၁၀ ကျပ်
**B. P. I.** နှင့် နိုင်ငံခြားအိမ်သုံးဆေးများသုံးစွဲနည်း ...
ရှေးဦးသူနာပြုစုနည်း ရုပ်ပုံပေါင်းများစွာဖြင့် ...

ဦးကြီးပု၏ ချက်နည်းပြုတ်နည်း ၅၀၀
ဒေါ်စိန်စိန်၏ "မုန့်လုပ်နည်းမျိုးစုံ"
ထိပ်တင်ထွန်း၏ "၁၄ ရက်အတွင်း အရပ်ရှည်..."
〃 "ကျား-မ၊ ကိုယ်အလှ ၆ ..."
ကိုင်ရှိ၏ "အဆင့်မြင့်လက္ခဏာ အမှတ် (၁)" ၁၅ ကျ...
〃 〃 အမှတ် (၂) ၂၀ ...

ဦးမြတ်လှ၏ "ဘဝကိုစိန်ခေါ်၍ ကမ္ဘာကျော်...များ" ...၂ ...

ဟံသာတဦးမျိုးလွင်၏ "ရုပ်အင်္ကျီချုပ်နည်းများ" ၂၀ ကျပ်
* ရွှေနန်းသုံး မဟာဂီတပေါင်းချုပ် ၃၀ ...
* မောင်တင်ထွေး၏ "ခေတ်ဟောင်းတေးများ" ၁၅ ကျပ်
စန်းသမိန်၏ "မြန်မာ့သွေး၊ မြန်မာ့ခေါ်၊ မြန်မာ့စစ်ပညာ" ၅၀ ကျပ်

အမြို့မြို့ဆိုင်တိုင်းမှာ မေးဝယ်ကြပါ။